# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

## ယနေ့ ဖတ်စရာ


ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း — ဥပဒေပြဋ္ဌာန်း | စာ - ၈

လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers(ToT) သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပ — ပြည်တွင်းသတင်း | စာ - ၉

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာ ခရီးသည် ၁ ဒသမ ၅ သန်း ရောက်ရှိရန် မျှော်မှန်းထား — နိုင်ငံတကာသတင်း | စာ - ၁၄

## နိုင်ငံတစ်ဝန်းတိုးတက်ဖော်ထုတ်ရမည့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများ

စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာမြေများ အဆင့်မြင့်မားရန်လိုသည်။ မိမိတို့နိုင်ငံတွင် မိရိုးဖလာအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ကြရာတွင် တောင်သူလယ်သမားအများစုက လုပ်ကွက်ငယ်များကိုသာ ပိုင်ဆိုင်ကြကာ တစ်ကွင်း တစ်စပ်တည်းတွင် ပိုင်ဆိုင်မှုအရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေသည့် လယ်ယာမြေကွက်များ၌ စိုက်ပျိုးလုပ်ကိုင်နေကြခြင်းဖြစ်သည်။

မြေမျက်နှာပြင် အနိမ့်အမြင့် မညီညာသည့် လယ်ယာမြေများတွင် ရေသွင်းရေနုတ်မြောင်း စနစ်မရှိ၊ ကုန်ထုတ်လမ်းများမရှိဘဲ သမားရိုးကျစိုက်ပျိုးလုပ်ကိုင်ခဲ့ကြရာတွင် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် အခက်အခဲ၊ သီးနှံများ စိုက်ပျိုးရာတွင် အရေးကြီးသည့် စိုက်ပျိုးရေရရှိရေးနှင့် ရေသွင်းရေထုတ်ပြုလုပ်ရန် အခက်အခဲ၊ စိုက်ပျိုးသီးနှံ ထွက်ပေါ်ချိန်တွင် ကုန်ထုတ်လမ်းမရှိခြင်းကြောင့် တွေ့ကြုံရသည့် အခက်အခဲများမှာ တောင်သူလယ်သမားတို့အဖို့ တစ်သက်တာတွင် မထူးဆန်းတော့သည့်အတွက် အခက်အခဲဟူ၍ပင် မယူဆတော့သော်လည်း အိမ်နီးချင်းနိုင်ငံများမှ ခေတ်မီစက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှုများနှင့် နှိုင်းယှဉ်လျှင်မူ မိမိတို့ ထုတ်လုပ်နိုင်စွမ်း နိမ့်ကျနေမှုတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

ခေတ်မီစက်မှုလယ်ယာစနစ်ကျ လယ်ကွက်ကျယ်များ ဖော်ထုတ်ရာတွင် မြေမျက်နှာပြင် အနိမ့်အမြင့် မညီညာသကဲ့သို့ ကုန်ထုတ်လမ်းများမရှိ၊ ရေသွင်းရေထုတ်မြောင်းစနစ်မရှိသည့် လယ်ကွက်ငယ်များကို မြေပြင်ညီညာပြန့်ပြူးစွာဖြင့် စိုက်ကွက်အားလုံးညီမျှစွာ စိုက်ပျိုးရေရရှိနိုင်သည့် ရေမြောင်းစနစ်များ၊ ကုန်ထုတ်လမ်းများ အပါအဝင် စက်မှုလယ်ယာစနစ်ကျ ဖော်ဆောင်ရခြင်းဖြစ်သည်။ ယင်းသို့ ဖော်ဆောင်ရာတွင်လည်း စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေလုပ်ရန် တောင်သူလယ်သမားများ၏ သဘောတူညီချက်၊ အဆိုပြုချက်များ ရယူခြင်း၊ လုပ်ငန်းဧရိယာအတွင်းရှိ တောင်သူတစ်ဦးချင်း၏ ပိုင်ဆိုင်မှုများကို တိုင်းတာ၍ ပုံထုတ်ခြင်းနှင့် ရေမြောင်းနှင့် ကုန်ထုတ်လမ်းတို့ ပါဝင်လာခြင်းကြောင့် အနည်းငယ်ပြောင်းလဲနိုင်သည့် မြေဧရိယာအတွက် တောင်သူများ၏ သဘောတူညီမှုတို့ကို ရယူခြင်းတို့ကို အဆင့်ဆင့် အကောင်အထည်ဖော်ခြင်းဖြစ်သည်။

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖြစ်လာသည့်အခါ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲရန် အဆင်ပြေသွားခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အလွယ်တကူ ဆောင်ရွက်နိုင်ခြင်း၊ အစွန်အဖျားစိုက်ခင်းများအထိ စိုက်ပျိုးရေ ညီညီမျှမျှ ရောက်ရှိခြင်း၊ စိုက်ပျိုးထွက်ကုန်သီးနှံများကို ကုန်ထုတ်လမ်းမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ယူနိုင်ခြင်းစသည့် အားသာချက်များ၊ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ရာ သီးနှံအထွက်တိုးတက်နိုင်သည်နှင့်အမျှ တောင်သူတို့ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဒေသအချို့တွင် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ရာ၌ ရရှိလာမည့် အကျိုးကျေးဇူးများပြားမှုနှင့်အတူ တောင်သူတစ်ဦးချင်း၏ လယ်ယာမြေပိုင်ဆိုင်မှု အနေအထားအနည်းငယ် အပြောင်းအလဲရှိနိုင်သည့် အခြေအနေကို ကောင်းစွာနားလည်သဘောပေါက်သည်အထိ အသိပညာပေးရန် လိုအပ်သည်ကိုလည်း တွေ့ရသည်။

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများကို နိုင်ငံတစ်ဝန်း၌ အကောင်အထည်ဖော်လျက်ရှိရာ ပိုမိုတိုးတက်ပေါ်ထွက်လာသည်နှင့်အမျှ စက်မှုလယ်ယာ တစ်ခေတ်ပြောင်းနိုင်ခြင်းနှင့်အတူ လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေမည်ဖြစ်သည်။ မြေ၊ ရေ၊ မျိုး၊ နည်းစနစ်ဟူသော (၄) ချက်ညီညွတ်ခြင်းဖြင့် စိုက်ပျိုးသီးနှံအထွက်တိုးမည်ဖြစ်ရာ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်းက စိုက်ပျိုးမြေကို အဆင့်အတန်းမြင့်စေသည့်အပြင် စိုက်ပျိုးရေသုံးစွဲမှု ထိရောက်စေခြင်း၊ အချိန်နှင့်တစ်ပြေးညီ ရိတ်သိမ်းနိုင်ခြင်းကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းခြင်းနှင့် အရည်အသွေးကောင်းသီးနှံများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဟူသော အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တရားမအထူးအယူခံမှု (၂) မှု တို့ကို စီရင်ချက်ချမှတ်
## ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၁) မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် မတ် ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၂၂/၂၀၂၂ (ပဲခူး) နှင့် ၂၄/၂၀၂၂ (မန္တလေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၂) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၂/၂၀၂၂ (ကချင်) နှင့် တရားမ အထူးအယူခံမှု အမှတ်၅၃/၂၀၂၂(မွန်)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမ အထူးအယူခံမှု (၁) မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ ကျင်းပပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်များကြေညာ

**ရန်ကုန် မတ် ၆**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကို ၁၂ ဦးယိမ်း (မူကြို ကျောင်းများ)၊ ၁၂ ဦးယိမ်း(ကျောင်းများ)၊ ၁၂ ဦး ယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦး ယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများဟူ၍ သီးခြားကျင်းပပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့်အသင်းများသည် မတ် ၁၃ ရက်မှစ၍ မတ် ၃၁ ရက်အထိ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း (၁၂ ) ထပ်ရုံး ၁၀ လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) တွင် လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အသေးစိတ်သိလိုသော အချက်အလက်များကို ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း (၁၂ ) ထပ်ရုံး ၁၀ လွှာရှိ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) သို့ လူကိုယ်တိုင်ဖြစ်စေ၊ အတွင်းရေးမှူး၊ အကဲဖြတ်ဆပ်ကော်မတီ ဖုန်း ၀၉-၅၁၀၃၂၈၇၊ တွဲဖက်အတွင်းရေးမှူး၊ အကဲဖြတ်ဆပ်ကော်မတီ ဖုန်း ၀၉-၅၀၂၇၉၉၀ နှင့် အကဲဖြတ်ဆပ်ကော်မတီရုံးအဖွဲ့ ဖုန်း ၀၉-၄၂၀၁၅၃၃၉၊ ၀၉-၉၆၆၀၆၀၆၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"KNLA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လူငယ်တွေရဲ့ ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ❖ နယ်စပ်ဒေသနှင့် ပြည်တွင်း တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❍ *ရှေ့ဖုံးမှ*

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် ပြည်တွင်း တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လာမှုနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်မြှင့်တင်နိုင်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးတက်ရောက်




**နေပြည်တော် မတ် ၆**

နိုင်ငံတော်အစိုးရမှ စီစဉ်ပေးအပ်လျက်ရှိသည့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

ညှိနှိုင်း အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးနေသည့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်နေသည့် ကိစ္စသည် နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေမှ ရေရှည်ကျခံသုံးစွဲရမည့် ကိစ္စဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပညာသင်ထောက်ပံ့ကြေး ကိစ္စ ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အကြား အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် နည်းပညာနှင့် သက်မွေးပညာရပ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက်တွင် သတ်မှတ်ထားသည့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့် “မူ”၊ စိစစ်ရွေးချယ်မှုဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့်အညီ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှု၊ ဆောင်ရွက်ပေးရန်လိုအပ်မှု အခြေအနေများအပေါ် အကြံပြု ဆွေးနွေးပေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်လျက်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်း၊ သင်တန်းကျောင်းများ၏ အခြေအနေများကို လည်းကောင်း၊ တစ်ပြေးညီဖြစ်သင့်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များဆိုင်ရာကိစ္စ၊ စိစစ် ရွေးချယ်ပေးအပ်သင့်သည့် အရေအတွက်၊ နှုန်းထားသတ်မှတ်ပေးရေး စသည်တို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ဥကပ်ပါးနကျယ် မွေးမြူရေးခြံခွဲခန်းသို့ တောင်သူများ လာရောက်လေ့လာ

**ချောင်းဦး မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ဆောင်ရွက်ထားသည့် ဥကပ်ပါးနကျယ် မွေးမြူရေးခြံခွဲခန်းသို့ ကျေးရွာ သုံးရွာမှ တောင်သူ ၂၅ ဦး မတ် ၆ ရက်က လာရောက်လေ့လာသည်။

သီးနှံပင်များ စိုက်ပျိုးရာတွင် ပိုးမွှားရောဂါများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် ခြံခွဲခန်းကို တည်ထောင်ထားခြင်းဖြစ်ကြောင်း၊ ဥကပ်ပါးနကျယ်များကို ယခုနှစ် နွေစပါးနှင့် မိုးကြိုသီးနှံများ စိုက်ပျိုးချိန်တွင် လွှတ်ပေးရန် မွေးမြူလျက်ရှိကြောင်း၊ ဥကပ်ပါးနကျယ်များ လွှတ်ပေးခြင်းဖြင့် ဓာတုပိုးသတ်ဆေးများ လျှော့ချသုံးစွဲနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ သီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးပါ ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း၊ စိုက်ခင်းတစ်ဧကလျှင် ဥကပ်ပါးနကျယ်ကတ် ၄၀ ကို သုံးကြိမ် လွှတ်ပေးရကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

* သင်တန်းသား အရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြသည့်နည်းတူ သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ယခု သင်တန်းမှ သင်ကြားခဲ့ရသည့် ပညာရပ်များဖြင့် ချိန်ထိုးဆောင်ရွက်ရမည်
* တပ်ရင်းတစ်ရင်း၏ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက် လုပ်ငန်းရပ်များအား ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်

**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား ယနေ့မွန်းလွဲပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများ တက်ရောက်ကြသည်။

## ရည်မှန်းချက်နှင့် မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် သင်တန်းများတွင် ရလဒ်ကောင်းမွန်ရေးအတွက် တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုများ လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတိုင်းသည် မျှော်လင့်ချက်၊ ရည်ရွယ်ချက်များ ကိုယ်စီရှိကြကြောင်း၊ ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် မျှော်မှန်းချက်များရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေး ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ သင်တန်းသား အရာရှိကြီးများအနေဖြင့် ယခုအဆင့်ရာထူးအထိ ရောက်ရှိခဲ့ခြင်းမှာလည်း စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် သာလျှင်ဖြစ်ကြောင်း၊ တစ်ဆင့်မြင့် ရာထူးတာဝန်များကို ထမ်းဆောင်ရမည့် အချိန်တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်း မွေးမြူရန်နှင့် အမှန်တကယ် တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကြုံတွေ့လာရနိုင်သည့် အခက်အခဲများအား မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း။

## လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို

သင်တန်းသား အရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြသည့်နည်းတူ သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ယခု သင်တန်းမှ သင်ကြားခဲ့ရသည့် ပညာရပ်များဖြင့် ချိန်ထိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်းတစ်ရင်း၏ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းရပ်များအား ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး ဗျူဟာမှူးကောင်း၊ ဦးစီးအရာရှိကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်၍လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကို အသုံးချရန်လိုကြောင်း၊ မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခု လိုအပ်ကြောင်း၊ ခေါင်းဆောင်မှု စွမ်းပကား၊ လုပ်နိုင်သည့်စွမ်းပကားများရှိရန်လိုကြောင်း၊ ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့် စွမ်းအားလိုအပ်ပြီး လက်အောက်ကို စုစည်းသည့် အားရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မိမိလက်အောက်ရှိ တပ်အင်အားစုကို စွမ်းရည်ရှိအောင် မည်ကဲ့သို့ စုဖွဲ့မည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ ဦးဆောင်ရသည့်တပ်ကို စနစ်ကျစွာ တည်ဆောက်

တပ်မတော်သားများအားလုံးသည် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားခဲ့ရပြီးဖြစ်ပြီး အဆင့်နှင့်လျော်ညီသည့် သင်တန်းများကိုလည်း တက်ရောက်သင်ကြားကြရကြောင်း၊ စစ်သည်တစ်ဦးချင်းစီအား အဆင့်နှင့်လျော်ညီသည့် လုပ်ငန်းတာဝန်များကို လူမှန်နေရာမှန်တာဝန်ပေးအပ်နိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အရည်အချင်းများ ပြည့်ဝနေစေရေး အမြဲမပြတ်လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်ရှိ စစ်သည်များ အရည်အချင်းပြည့်ဝနေစေရေး တပ်မှူးများဖြစ်သည့် မိမိတို့ကိုယ်တိုင် ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝလာစေရန် မှန်ကန်သည့် လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ ဦးဆောင်ရသည့်တပ်ကို စွမ်းရည်ရှိပြီး စနစ်ကျသည့် တပ်များဖြစ်အောင် တည်ဆောက်ရန်လိုကြောင်း။

စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်စေခြင်းဖြင့် အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုကြောင်း၊ ထိုကဲ့သို့ သမားစဉ်လုပ်ငန်းများတွင် ပါဝင်သည့် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်စေခြင်းအားဖြင့် တပ်၏ အရည်အသွေးနှင့် စစ်စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် ရိက္ခာများကို သတ်မှတ်နှုန်းထားများအလိုက် ထုတ်ပေးလျက်ရှိသဖြင့် စစ်သည်များအနေဖြင့် ပြည့်ဝစွာစားသုံးရန်လိုအပ်ကြောင်း၊ အာဟာရပါဝင်မှု အချိုးအစားများကို စနစ်တကျတွက်ချက်ပြီး ထုတ်ပေးထားသည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်နှင့် ပြည့်ဝစွာ စားသုံးမည်ဆိုပါက လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို ဆောင်ရွက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွပ်ကဲကြပ်မတ်ရသည့် တပ်မှူးများအနေဖြင့်လည်း စစ်သည်တစ်ဦးချင်း၊ မိသားစုတစ်စုချင်း ရပိုင်ခွင့်များနှင့် ရသင့်ရထိုက်သည်များ ပြည့်ဝစွာရရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်များအားလုံး၏ ရပိုင်ခွင့်များ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်၏ သက်သာချောင်ချိရေး လုပ်ငန်းများဖြစ်သည့်

*စာမျက်နှာ ၅ သို့*

# “ မိမိတို့တပ်ရှိ စစ်သည်များ အရည်အချင်း ပြည့်ဝနေစေရေး တပ်မှူးများဖြစ်သည့် မိမိတို့ကိုယ်တိုင်ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးရန်လို ”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

*စာမျက်နှာ ၄ မှ*

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးရန်လိုပြီး ငွေကြေးသုံးစွဲမှုများ မှန်ကန်မှုရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကျိုးအမြတ်ကို အဓိကမထားဘဲ စစ်သည်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်သာ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများသက်သာချောင်ချိရေးအတွက် ထိရောက်သည့်လုပ်ငန်းများကို ဦးစားပေးအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုလည်း မိသားစုများ၏ ဆန္ဒအလျောက် တတ်နိုင်သရွေ့ ဆောင်ရွက်နိုင်ရေး အားပေးကြရမည်ဖြစ်ပြီး ၎င်းတို့ မိသားစုတစ်စုချင်းစီ၏ စားရေးနှင့် စားရေးအတွက် ငွေကြေးသုံးစွဲရမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိကိုယ်တိုင်နှင့် လက်အောက်ရှိ အရာရှိ၊ စစ်သည်များ၏ အသောက်အစား အပျော်အပါး လိုက်စားမှုများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးမှ တစ်ဆင့် မိမိကိုယ်တိုင်နှင့် မိမိဦးဆောင်ရသည့် တပ်၏ စွမ်းရည်ကို ထိခိုက်နိုင်ကြောင်း၊ လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များ ရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

### လူသားလျှင်ပဓာနဖြစ်သည့်အတွက် မိမိဦးဆောင်ရသည့် စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်အောင် တည်ဆောက်

မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ လူသားလျှင်ပဓာနဆိုသည့်အတိုင်း ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လိုသည့် စိတ်ရှိရန်လိုကြောင်း၊ စစ်သည်များ၏ စိတ်ဓာတ်များ ကောင်းမွန်အောင် တည်ဆောက်ရန်လိုကြောင်း၊ စစ်သည်များ လူမှန်နေရာမှန်ဖြစ်ပြီး ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို တစ်ဦးချင်းစီ၏ အရည်အချင်းနှင့်လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ ၎င်းတို့နှင့် သင့်တော်သည့် လုပ်ငန်းတာဝန်များကို နေရာမှန် တာဝန်ပေးအပ်နိုင်ရေး၊ တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး(Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ မိမိကိုယ်ကို ထိန်းသိမ်းသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လက်အောက်၏ လိုအပ်ချက်ကို မိမိဖြေရှင်း၍ရသည့် နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့်ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးအတွက် လုပ်ငန်းအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်သည့်အတွက် မိမိတို့ တစ်ဦးချင်းဘဝ တိုးတက်ရေးအတွက် လေ့လာအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တပ်မှူးများ တစ်ဦးတစ်ယောက်ချင်းစီ၏ ဦးဆောင်မှုနှင့် စွမ်းဆောင်မှုများကောင်းမွန်ပါက တပ်များ၏ အရည်အသွေးများမြင့်မားလာမည်ဖြစ်ပြီး တပ်မတော်တပ်ရပ်လုံးသည်လည်း စွမ်းရည်မြင့်မားလာစေမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်ထမ်းတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ တိုးတက်လာပါက အဖွဲ့အစည်း တိုးတက်လာမည်

**နေပြည်တော် မတ် ၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနရှိ အရာထမ်းနှင့် အမှုထမ်း ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ရုံးအမှတ် (၁) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သင်တန်းတွင် ၂၀၀၈-နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စီးပွားရေးဆိုင်ရာ ဥပဒေများ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့် နည်းဥပဒေများ၊ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံတော်အတွက် အဓိကလိုအပ်လျက်ရှိသော ဥပဒေရေးရာ အသိပညာများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် သက်ဆိုင်သည့် အသိပညာများကို ထည့်သွင်း ပို့ချပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ ဝန်ထမ်းများ ဥပဒေဆိုင်ရာ ဗဟုသုတများကိုပါ ထည့်သွင်းပို့ချပေးခြင်းသည် ဥပဒေကိုသိရှိနားလည်ပြီး စည်းကမ်းလိုက်နာသော တာဝန်သိ ဝန်ထမ်းကောင်းများ ဖြစ်စေလို၍ဖြစ်ကြောင်း။

သင်တန်းသား တစ်ဦးစီ၏ အရည်အချင်း (Capability) တိုးတက်ကာ စွမ်းဆောင်ရည် မြင့်မားလာစေရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရေးသည် အရေးကြီးပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းမှရရှိသော အသိပညာများဖြင့် မိမိတို့ဌာန၏ အားနည်းချက်၊ အားသာချက်များကို ပိုမိုသိမြင်လာပြီး ပေးအပ်သည့် လုပ်ငန်းတာဝန်များကို နှောင့်နှေးမှုမရှိ အချိန်မီ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ တိုးတက်လာပါက အဖွဲ့အစည်း တိုးတက်လာမည်ဖြစ်ပြီး



“တစ်ဦးချင်းစီ၏ စွမ်းအားမှသည် နိုင်ငံ့စွမ်းအား” အထိ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ လူကိုယ်တိုင်နှင့် Online မှတစ်ဆင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၆ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းကို မတ် ၆ ရက်မှ ဧပြီ ၄ ရက်အထိ တစ်လကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ် ခံယူဆောင်ရွက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများ၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်ကောင်းမွန်ရန်လို

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ် ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ စိတ်ဓာတ်နှင့် ပတ်သက်၍ ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသည့် စိတ်ရှိရန်လိုကြောင်း၊ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို မိမိက ကျေပွန်စွာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ် ခံယူဆောင်ရွက်ရန်လိုပြီး ခံယူချက်ကောင်းမွန်စွာဖြင့် နေထိုင်ရန်လိုကြောင်း၊ မိမိတို့ကို ပေးအပ်သည့် တာဝန်များကို မညည်းမညူဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း။

ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ရုပ်ပိုင်းဆိုင်ရာများတွင် တက်တက်ကြွကြွဖြင့် ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့ဘဝ တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက်နေထိုင်စားသောက်မှုများကို ဂရုပြုရန်လိုပြီး ညီညွတ်မျှတသည့် နေထိုင်စားသောက်မှု ရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ကျန်းမာရေးကောင်းမွန်အောင် နေထိုင်ရန် လိုအပ်သကဲ့သို့ မိမိတို့မိသားစုများ၏ ကျန်းမာရေး ကောင်းမွန်ရေးကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိမိတို့ဘဝ ရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတစ်ဦးတစ်ယောက် ကျန်းမာရေးကောင်းမွန်မှုမရှိပါက မိမိ၏ လုပ်အား၊ မိမိကို ပြုစုစောင့်ရှောက်ရသူ၏ လုပ်အား၊ မိမိအဖွဲ့အစည်း၏ လုပ်အား စသည်ဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ဆုံးရှုံးမှုများ များစွာဖြစ်စေနိုင်သောကြောင့် မိမိကိုယ်ကို ကျန်းမာရေးကောင်းမွန်အောင် နေထိုင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးကို အထောက်အကူပြုစေရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန်ရည်ရွယ်၍ တပ်မတော်မှ တစ်သျှူးငှက်ပျောအပါအဝင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အောင်မြင်စွာထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှုသည် လူတစ်ဦးချင်းအတွက် များစွာ အရေးကြီးသဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ကျန်းမာကြံ့ခိုင်နေရန် လိုကြောင်း။

### စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စနစ်တကျရှိစေရေး

တပ်မတော်သားများအနေဖြင့် အချိန်အခါမရွေး တိုက်ပွဲဝင်နိုင်ရမည်ဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်မှသာလျှင် ထိုကဲ့သို့ တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဝင်ရာတွင် သင်ကြားပေးထားသည့် စစ်ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ပြီး တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် အဆင့်သတ်မှတ်ချက်များအလိုက် ၎င်းတို့နှင့် ကိုက်ညီသည့် လုပ်ငန်းတာဝန်များကို ပေးအပ်ထားကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် အရည်အချင်းအလိုက်၊ စစ်သက်အလိုက်၊ ထူးချွန်ထက်မြက်မှုများအလိုက် တစ်ဆင့်မြင့် သင်တန်းများကို အဆင့်ဆင့်တက်ရောက်ရသည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်ရန် သင်ကြား လေ့ကျင့်ပေးနေခြင်းပင် ဖြစ်ကြောင်း။

တပ်မတော်သားများသည် စည်းကမ်း စနစ်တကျဖြစ်ရမည်ဖြစ်ပြီး စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများ ရရှိရန် ကန့်သတ်ထားမှုများဖြစ်ပြီး လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရပ်ဘက်၊ စစ်ဘက်တို့တွင် စည်းကမ်းများကို ချမှတ်ထားခြင်းသည် စည်းကမ်းစနစ်တကျ ရှိစေရေးအတွက် သတ်မှတ်ချက်များကို ချမှတ်ပေးထားခြင်းဖြစ်ပြီး ထိုကဲ့သို့စည်းကမ်းတကျဖြစ်စေရေးအတွက် နေရာအလိုက်၊ ကဏ္ဍအလိုက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ရမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန်အတွက် အမိန့်နာခံတတ်မှုရှိရန် လိုကြောင်း၊ တပ်မတော်သည် စည်းကမ်း၊ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမှုများ ရှိခြင်းကြောင့် ခိုင်မာသည့် အဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လက်ခံယူစဉ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တပ်မတော်သားများ အားလုံးတွင် ကောင်းမွန်သည့် အခြေခံစိတ်ဓာတ်များရှိပြီးဖြစ်ကြောင်း၊ အဆိုပါစိတ်ဓာတ်များခိုင်မာအောင် တစ်ဦးချင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဖြစ်ပြီး လူတို့၏ ကြိုးစားအားထုတ်မှုဖြင့်သာ အကျိုးရလဒ်များ ကွာခြားသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး တစ်ဦးချင်းစိတ်ဓာတ်များကောင်းမွန် ခိုင်မာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ကို စွမ်းရည်မြင့်အောင် ဆောင်ရွက်ခြင်းသည် စစ်သည်များပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ စွမ်းဆောင်ရည်မြင့်မားခြင်းမှသည် တပ်တစ်တပ်လုံးကောင်းမွန်လာမည်ဖြစ်ပြီး တပ်မတော်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓာတ်ရောင်ခြည်ကုသဆောင်နှင့် ကင်ဆာရောဂါ ခွဲစိတ်ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ပန်းမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကျန်းမာရေးအခြေအနေများမေးမြန်း အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ ဇနီး ဒေါ်ကြူကြူလှ အောင်ပန်းမြို့ နယ်မြေခံ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

တစ်ရပ်လုံးသည်လည်း စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အားသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း။

**တပ်မိသားစုများ သက်သာချောင်ချိရေးနှင့် ပညာရည်မြင့်မားရေး**

တပ်မတော်သားများနှင့် မိသားစုဝင်များ စားသောက်မှုအဆင်ပြေစေရေးနှင့် သက်သာချောင်ချိမှု ရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်စိုက်ပျိုး မွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း တတ်နိုင်သမျှ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မကြာမီအချိန်တွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ကြားမှုများ ပြီးဆုံးပြီး နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိကြမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားနွေရာသီသင်တန်းများဖြစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြားသော အကျိုးပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင် သင်ကြားပေးခဲ့သည့် ကျောင်းစာပေများကို ပြန်လည်လေ့လာသင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာဖြင့် အသုံးချနိုင်အောင် ဆောင်ရွက်ပေးကြ စေလိုကြောင်း၊ အလားတူ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏ သားသမီးများ ဗဟုသုတကြွယ်ဝစေရေးအတွက်လည်း အကျိုးရှိစေမည့် စာပေဗဟုသုတများကို ဖတ်ရှုလေ့လာမှတ်သားကျင့်သုံးကြစေလိုကြောင်း၊ ထိုသို့ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည် ဖြစ်ကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ၏ကျန်းမာရေး အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက ဆေးရုံ၏ တပ်တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မှုနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်၍ အရာရှိ၊ စစ်သည်မိသားစုများအတွက် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း မွေးကင်းစလူနာဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်ရောင်ခြည် ကုသဆောင်နှင့် ကင်ဆာရောဂါ ခွဲစိတ်ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**☆ တပ်မတော်သားများအားလုံးတွင် ကောင်းမွန်သည့် အခြေခံစိတ်ဓာတ်များရှိပြီးဖြစ်**

**☆ အဆိုပါစိတ်ဓာတ်များ ခိုင်မာအောင် တစ်ဦးချင်း ကြိုးပမ်းဆောင်ရွက်ကြရန်လို**

**☆ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဖြစ်ပြီး လူတို့၏ကြိုးစားအားထုတ်မှုဖြင့်သာ အကျိုးရလဒ်များ ကွာခြားသွားခြင်းဖြစ်**

**☆ ထို့ကြောင့် တပ်မတော်သားများအားလုံး တစ်ဦးချင်းစိတ်ဓာတ်များ ကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်**

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ဝန်ကြီးဌာနသည် အောက်ပါအချက်တစ်ချက်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်-

(က) လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထားခဲ့ခြင်း၊

( ခ ) ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော် လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော် လည်းကောင်း သတ်မှတ်ချက်နှင့်အညီစိစစ်ဆေးပြီး ငြိစွန်းကြောင်း တွေ့ရှိခြင်း။"

၃။ ပုံနှိပ်ခြင်း နှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာနှင့်စပ်လျဉ်း၍ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။"

၄။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်နှင့်တစ်ပြိုင်နက် ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အခြားသူ တစ်ဦးဦးသည် ယင်းတရားမဝင် ထုတ်ဝေစာများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ သိမ်းယူနိုင်သည်။"

၅။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ ( ခ ) တွင် ပါရှိသော "ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော" ဆိုသည့် စကားရပ်ကို "ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၂/၂၀၂၃) သင်တန်းဖွင့်ပွဲကျင်းပ






**နေပြည်တော် မတ် ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက သင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲစနစ်များ၊ လုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင် စီမံခန့်ခွဲမှုစနစ်နှင့် ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ပို့ချချက်များသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေမည် ဖြစ်သည့်အတွက် အလေးအနက်ထား လေ့လာမှတ်သားကြရန်လိုကြောင်း။

ရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း၊ ကော်မရှင်အနေဖြင့် အခြေခံ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများ ပြုစုရာ၌ လွယ်ကူပြီး စနစ်တကျဖြစ်စေရန်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အလိုက် ကြီးကြပ်ဆောင်ရွက်နိုင်ရန် မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ကို ရေးဆွဲဆောင်ရွက်ထားကြောင်း၊ ယင်းစနစ်အသုံးပြုနည်းကို သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည့် အတွက် ကျွမ်းကျင်စွာ အသုံးပြုတတ်အောင် လေ့လာသင်ကြားကြရန် မှာကြားလိုကြောင်း။

သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် လုံးဝ ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်သည့်အတွက် အလေးအနက်ထား လိုက်နာကြရန် မှာကြားလိုကြောင်း၊ နောက်ထပ်လိုက်နာရန် လိုအပ်သည့် ဥပဒေမှာ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်း တစ်ယောက်အနေဖြင့် သာမက နိုင်ငံသားတစ်ယောက်အနေဖြင့်ပါ လိုက်နာဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ရွေးကောက်ပွဲ များနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ မျှမျှတတဖြစ်အောင် အမှားမရှိရအောင် သတိထားပြီး ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် သင်တန်းသားတစ်ဦးချင်းစီအလိုက် ကိုယ်ရေးအချက်အလက်များကို တင်ပြကြသည်။ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကို မတ် ၆ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခြင်းလုံးအားကစားနည်း ဒိုင်လူကြီးသင်တန်းဖွင့်လှစ်

**နေပြည်တော် မတ် ၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခြင်းလုံးအားကစားနည်း ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း Gold Camp ရှိ Multipurpose Hall ၌ ကျင်းပသည်။

ဦးစွာ သင်တန်းတက်ရောက်လာကြသည့် Malaysia ၊ Singapore ၊ Indonesia ၊ Philippines ၊ Thailand ၊ Combodia နှင့် Myanmar နိုင်ငံတို့မှ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း ဂါရဝပြု မိတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့ရိုးရာအားကစားနည်းဖြစ်သော ခြင်းလုံးအားကစားနည်းကို အရှေ့တောင်အာရှအဆင့်မှအာရှ၊ အာရှအဆင့်မှ ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် ဒိုင်လူကြီးများကို မွမ်းမံသင်တန်းအဖြစ် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြန်မာ့ခြင်းလုံးအားကစားနည်းဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Dato Abdul Halim Bin Kader က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ် ၄၁ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

ထိုသို့တွေ့ဆုံစဉ် ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ အချိန်မီပြီးစီးရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT)သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပ

**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း အသုံးပြုလာကြတော့မည့် လျှပ်စစ်သုံးယာဉ်များအတွက် ရည်ရွယ်၍ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်းအမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းဖွင့်ပွဲ နှုတ်ခွန်းဆက်စကားပြောကြားပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ အလုပ်ရုံများတွင် သင်ကြားသင်ယူမှုအတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု၊ သင်ကြားပေးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်း အမှတ်စဉ်(၂) တွင် (၁) Electric Power Train ၊ (၂) Electrical Power System၊ (၃) Practical approach to electronics in EV ၊ (၄) Sensor and Networking Technology ၊ (၅) Automotive Material နှင့် (၆) Theory of Automobile ဘာသာရပ်များ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ သင်တန်းသား ငါးဦး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၁၀ ဦးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ခြောက်ဦး စုစုပေါင်း သင်တန်းသား ၂၁ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၆ ရက်မှ ၃၁ ရက်အထိ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ခြောက်နာရီနှုန်းဖြင့် စုစုပေါင်းလေးပတ် (နာရီ ၁၂၀) ဖြင့် လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**



## ဘင်္ဂလားပင်လယ်အခြေအနေ

**နေပြည်တော် မတ် ၆**

ဘင်္ဂလားပင်လယ်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**




# ကျောက်တော်၌ ဆောင်းသီးနှံ ပဲမျိုးစုံသီးနှံ ၁၁၃၇၇ ဧကနှင့် မတ်ပဲ ဧက ၉၈၀ ကျော် စိုက်ပျိုးနိုင်

**ကျောက်တော် မတ် ၆**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွင်း ပဲမျိုးစုံသီးနှံ ၁၁၃၇၇ ဧက စိုက်ပျိုးခဲ့ပြီး မတ်ပဲသီးနှံ ၉၈၂ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

အဆိုပါ မတ်ပဲသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်သန့်အောင်က မတ်ပဲသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် တောင်သူများအနေဖြင့် မတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ မတ်ပဲသီးနှံ မျိုးကောင်းမျိုးသန့် ရရှိစေရေးအတွက် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်ပြီး မျိုးသန့်မျိုးပွားများ စဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် မျိုးများအား တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး နည်းပညာများကို အချိန်မီရယူလိုပါက စိုက်ပျိုးရေးဌာန၏ ကွင်းဆင်းဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မတ်ပဲစိုက်တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ Professional and Advanced Excel သင်တန်း အမှတ်စဉ်(၁/၂၀၂၃) နှင့် စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင် အကြိုသင်တန်း အမှတ်စဉ်(၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၆**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ Professional and Advanced Excel သင်တန်း အမှတ်စဉ် (၁/၂၀၂၃)နှင့် စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ဝင် အကြိုသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**




အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းများကို ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ အလုပ်သမားဝန်ကြီးဌာန၌ ရှိသည့် ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာပညာရပ်ကို စနစ်တကျသိရှိ နားလည်စေရန်၊ Excel ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ပြီး ရုံးလုပ်ငန်း စာရင်းဇယားများအား အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်စွာ ဆောင်ရွက်တတ်စေရန်နှင့် လူမှုဖူလုံရေးအဖွဲ့သို့ ဝင်ရောက်ကြသည့် ဝန်ထမ်းသစ်များအနေဖြင့် မသိမဖြစ်သိရမည့် ဌာန၏မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည် တတ်ကျွမ်းကြစေရန်ဖြစ်ပါကြောင်း။

ဝန်ထမ်းသစ်များအနေဖြင့် နိုင်ငံတော်က ခန့်အပ်ထားသည့် တရားဝင် နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာသည့်အတွက် ဝန်ထမ်းများ သိသင့်သိအပ်သော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် သက်ဆိုင်ရာဌာနများမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာရန် လိုအပ်ကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ လိုက်နာပြီး မိမိတို့အတွက် အကျိုးရှိအောင်ရသလောက် ကြိုးစားသင်ယူသွားရန်၊ ဌာနမှအားကိုးအားထားပြုထိုက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်ကြိုးစား အားထုတ်လုပ်ကိုင်ကြရန်နှင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

Professional and Advanced Excel သင်တန်း အမှတ်စဉ် (၁/၂၀၂၃) တွင် ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် အဖွဲ့ရုံးတို့မှ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၄၀ ဖြင့် သင်တန်းကာလ ခြောက်ရက်ကြာနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းခွင် အကြိုသင်တန်းအမှတ်စဉ် (၁/၂၀၂၃)တွင် လူမှုဖူလုံရေးအဖွဲ့သို့ အသစ်ဝင်ရောက်လာသည့် အငယ်တန်းစာရေးဝန်ထမ်း ၆၃ ဦးတို့ဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၆**

(၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (43rd Meeting of the High-level Task Force on ASEAN Economic Integration – HLTF-EI) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘေလီတန်ကျွန်း၌ မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲမှုတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းအနေဖြင့် ထည့်သွင်းလိုသည့် ကိစ္စရပ်များနှင့် အင်ဒိုနီးရှားနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလ ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မှတ်တမ်းတင်ကြပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အာဆီယံဒေသ ဖြစ်လာစေရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးမူဘောင် အကောင်အထည်ဖော်မှု၊ ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံဗျူဟာရေးဆွဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုမှုမြှင့်တင်ရေးနှင့် အာဆီယံ အဏ္ဏဝါစီးပွားရေး မူဘောင်ရေးဆွဲမှုများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကာလအတွင်း ကောင်းမွန်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး စတုတ္ထစက်မှု အသွင်ကူးပြောင်းမှုဆိုင်ရာ အာဆီယံမဟာဗျူဟာကို အကောင်အထည်ဖော်မှု၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ ဘောင်ဒါဆီရီဘီဂါဝမ် လမ်းပြမြေပုံ အကောင်အထည်ဖော်မှုနှင့် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှု၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်အောက်၌ အာဆီယံတီထွင် ဆန်းသစ်သော စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် အဆိုပြုချက်တို့အပေါ် မှတ်တမ်းတင်ကြကာ မတ်လတွင် ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန်မျှော်မှန်းချက်တွင် အဖွဲ့ဝင်နိုင်ငံများအကြား လူမှု-စီးပွား ဖွံ့ဖြိုးမှုကွာဟချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးမှုသည် ဒေသတွင်း စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက်များတွင် ချိတ်ဆက်ပါဝင်ရန် အလွန်အရေးပါကြောင်း၊ အဆိုပါနည်းပညာဖွံ့ဖြိုးမှုနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပျံ့နှံ့စွာ အသုံးပြုနိုင်မှုသည် ဒစ်ဂျစ်တယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ဒစ်ဂျစ်တယ် အဆောက်အအုံနှင့် နည်းပညာ ကွာခြားချက်ရှိသည်ကို အသိအမှတ်ပြု၍ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်းရှိသည့် လူသားအရင်းမြစ် ပြုစုပျိုးထောင်ရေးသည် များစွာအရေးကြီးကြောင်း၊ နည်းပညာ အသုံးချနိုင်မှုသည် ထုတ်လုပ်နိုင်စွမ်း တိုးတက်ရန် များစွာအရေးပါသော်လည်း အရင်းအနှီးသုံးနိုင်သည့် နည်းပညာများသည် ဒေသတွင်းအလုပ်လက်မဲ့ကို ပိုမိုများပြားလာစေနိုင်ကြောင်း၊ ဘက်ညီမျှစွာ ဆောင်ရွက်မှုနှင့်အတူ တီထွင်ဆန်းသစ်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုများ ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း မဏ္ဍိုင်အောက်၌ အာဆီယံ တီထွင်ဆန်းသစ်သော စီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် အဆိုပြုချက်ကို ကြိုဆိုပါကြောင်း။

ဒေသတွင်း လျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံ လျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာ စီးပွားရေးစနစ် ပူးပေါင်းဆောင်ရွက်မှု ကြေညာချက် ထုတ်ပြန်ရန် ဆောင်ရွက်နေခြင်းကို ကြိုဆိုပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စွမ်းအင်အသွင်ကူးပြောင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လျှပ်စစ်မော်တော်ယာဉ် မူဝါဒချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးမူဘောင်ရေးဆွဲရာတွင် ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် စွမ်းအင်အသွင်ကူးပြောင်းမှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီး H.E Edi Prio Pambudi က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင် တက်ရောက်ကြသည်။

အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အကြံပေးအဖွဲ့ဖြစ်ပြီး အာဆီယံနိုင်ငံများက ဒုတိယဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ဒုတိယဝန်ကြီးသည် မတ် ၁ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံအဏ္ဏဝါစီးပွားရေး မူဘောင်နှင့် စပ်လျဉ်းသည့် သက်ဆိုင်သူများနှင့် ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ကုသမှုခံယူနေသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ဆေးရုံစာဖြေဌာနလေးခု စီစဉ်ထား

**နေပြည်တော် မတ် ၆**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၃ ခုနှစ် မတ် ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနလေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီး ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသားရေးလက္ခဏာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးကြစေလို

**နေပြည်တော် မတ် ၆**
တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မတ်လ ၃ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောဝတီရိပ်သာ အစည်းအဝေးခန်းမ၌ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ပြည်နယ်အတွင်း တိုင်းရင်းသားအရေးကိစ္စရပ် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းနှင့် အမျိုးသားရေးလက္ခဏာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် (၂၀၁၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၂၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို သိရှိလိုက်နာ ကျင့်ကြံရန်လိုအပ်ပါကြောင်း၊ မိမိတို့ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ တာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်ကချမှတ်ဆောင်ရွက်နေသည့် အမျိုးသားရေး လုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၁၂) ရပ်ကို သိရှိနားလည်ပြီး လုပ်ငန်းများကို တာဝန်ကျေပွန်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ဝန်ထမ်းများက ကြုံတွေ့ရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးတို့သည် ကချင်အမျိုးသားစာကြည့်တိုက် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာ ကေဘောမ်အောန်းနှင့် အဖွဲ့အား တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၆**
ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် အခမ်းအနား ပြပွဲနှင့် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ဦးဆောင်၍ ယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်စဉ် မတ် ၂၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကော်မတီမှကြီးမှူးပြီး ၂၀၁၄ ခုနှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါ မတိုင်မီ ၂၀၁၉ ခုနှစ်အထိ (၆) ကြိမ်တိုင်အောင် နှစ်စဉ် ကျင်းပခဲ့ပါကြောင်း၊ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ရေနေ့ ၂၀၂၃ ခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ်မှာ ရေဆိုင်ရာအချက်အလက်များ ဖြည့်ဆည်းရန် **"အရှိန်အဟုန်မြှင့် ရှေ့သို့ ကြိုးပမ်း ပြောင်းလဲ ဆောင်ရွက်ခြင်း Acceleration Changes"** ဖြစ်ပါကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် အခမ်းအနားပြပွဲနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လိုအပ်သော ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း တာဝန်ပေးအပ်ပြီး ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကမ္ဘာ့ရေနေ့ ၂၀၂၃ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးလုပ်ငန်းများ၊ ပြခန်းများနှင့် Power Point Presentation များ ပါဝင်ပြသနိုင်ရေး၊ အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မတ် ၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ကမ္ဘောဒီးယားအသင်း၊ မတ် ၁၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မလေးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၉ ဦး၊ ကစားသမား ၂၃ ဦး စုစုပေါင်း ၃၂ ဦး လိုက်ပါသွားသည်။ မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်းတွင် **အုပ်ချုပ်သူ**– ဒေါ်နှင်းစန္ဒာဦး၊ **နည်းပြချုပ်** – ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြများ** – ဒေါ်နွယ်နွယ်တိုး၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ** –ဒေါ်မေခင်ယမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား**– မေဦးခင် (ISPE FC)၊ ဖီးဗေ (Y.R.E.O FC)၊ သူဇာအောင် (ရောဝတီတိုင်းဒေသကြီး)၊ **နောက်တန်း** – ဖြူဖွေး၊ ယုယုနိုင် (Y.R.E.O FC)၊ ခင်ဌေးကြိုင် (Sports and Education FC)၊ ဒီဇင်ဘာနှင်း (သစ္စာအားမာန် အက်ဖ်စီ)၊ ကြယ်စင် (ISPE FC)၊ ဖြူဖြူဝင်း (မြဝတီ အက်ဖ်စီ)၊ ဝေဖူးအိမ် (သစ္စာအားမာန်အက်ဖ်စီ)၊ **အလယ်တန်း** – ဒေစီအောင်၊ နန်းချိုမွှေး (Y.R.E.O FC)၊ နှင်းပွင့်အေး၊ ဟေမာန်စိုး (ISPE FC)၊ ဇခါရိုရ်စီ (ကချင်ပြည်နယ်)၊ ကေသွယ်ဖြိုးဦး (အား/ကာသိပ္ပံ ရန်ကုန်)၊ ဝေဟင်ဖြိုး (Sports and Education FC)၊ စန္ဒာလင်း (အား/ကာ သိပ္ပံ မန္တလေး)၊ မေသက်မွန်မြင့် (သစ္စာအားမာန်အက်ဖ်စီ)၊ **ရှေ့တန်း**– ဇင်မိုးပြည့်၊ ယုယနိုင် (Y.R.E.O FC)၊ ယဉ်လွန်းအိမ် (ISPE FC)၊ ယွန်းဝတီလှိုင် (အား/ကာသိပ္ပံ မန္တလေး) တို့ လိုက်ပါသွားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

# မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

❖ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြုဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်အား (၁-၇-၂၀၂၁)ရက်မှ စတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

❖ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

❖ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်နေ့အပြီး မပျက်မကွက် ပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

❖ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"

"DigitALL: Innovation and technology for gender equality"

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြူချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၁ ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခွဲစိတ်လူနာများအား မျက်မှန်များ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြု ဆေးပစ္စည်းများ ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)မှ မျက်စိခွဲစိတ်လူနာများအား သဖြူချိုင်ကျေးရွာသို့ ပြန်လည် ပို့ဆောင်ပေးသည်။ ယင်းနောက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သဖြူချိုင်ကျေးရွာမှ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာသို့ ဆက်လက်ထွက်ခွာကြသည်။




ဒေသခံပြည်သူများ

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရသည်–

"ကျွန်မအနေနဲ့ အခုလိုမျက်စိခွဲစိတ် ကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ပျော်လည်းပျော်တယ်။ အခုလိုကုသပေးတဲ့အတွက် ခလုတ်မထိဆူးမငြိပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ အရင်က မျက်စိတစ်လုံးက ကွယ်နေတာ အခုတော့ ပြန်မြင်လို့ဝမ်းသာပါတယ်။ ကိုယ့်ကိုကုသပေးတဲ့ ဆရာဆရာမတွေကိုမြင်ရတော့ ဝမ်းသာမိပါတယ်။ စားရေးသောက်ရေးအတွက် အစစအရာရာ စီစဉ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်" လို့ ပြောလိုပါတယ်။



"ကျွန်တော်အစက မျက်စိကမှုန်တယ်။ မမြင်ရဘူး။ အခုတော့ အားလုံးကို လင်းလင်းထင်းထင်း သဲသဲကွဲကွဲ မြင်ရပြီဆိုတော့ ဝမ်းသာပါတယ်။ စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သင်္ဘောကြီးနဲ့ လာရောက်ဆေးကုသပေးတဲ့ အတွက် အထူးဝမ်းသာပါတယ်။ အဲဒါကြောင့် ပါရဂူကြီးတွေ အပါအဝင် ဆေးအဖွဲ့အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ သံလွင်သင်္ဘောကြီးနဲ့ ကမ်းခြေဒေသတွေမှာရှိတဲ့ ဒေသခံပြည်သူတွေကို အခုလို ဆေးကုသမှုပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မျက်စိရောဂါတစ်ခုတည်း မဟုတ်ဘဲ ရောဂါပေါင်းစုံကိုကုသပေးနေတဲ့အတွက် ဆေးရုံ၊ ဆေးခန်း မသွားနိုင်တဲ့ သူများအတွက် အထောက်အကူ အများကြီးဖြစ်ပါတယ်။ နောင်ကိုလည်း အခုလို လာရောက်ဆေးကုသဖို့ဖိတ်ခေါ်ပါတယ်။ သွားရေးလာရေးခက်ခဲတဲ့ ဒေသတွေကို အခုလို ဆေးကုသမှုတွေဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်" **သတင်းစဉ်**

---

❂ *ကျောဖုံးမှ*

ယမန်နှစ်သင်္ကြန်ကာလက အပန်းဖြေခရီးသွားများ မထင်မှတ်ဘဲ ဝင်ရောက်ခဲ့မှုကြောင့် ဟိုတယ်နှင့် တည်းခိုခန်းများ ပြည့်သွားခဲ့ရာ သံတွဲမြို့နှင့် ရပ်ကွက်ရှိနေအိမ်တို့တွင်တည်းခို၍ သင်္ကြန်ကာလကို စည်ကားသိုက်မြိုက်စွာ ဖြတ်သန်းခဲ့ကြသည်။ ယခုနှစ် သင်္ကြန်ကာလ ရုံးပိတ်ရက်များတွင် ပြည်တွင်း/ပြည်ပခရီးသွားများ အေးချမ်းသာယာသော ပင်လယ်ကမ်းခြေတွင် ပိုမိုစည်ကားနိုင်ကြောင်း ငပလီကမ်းခြေရှိဟိုတယ်နှင့်တည်းခိုရိပ်သာများက ခန့်မှန်းထားသည်။

"ဒီလဆန်းမှာ ဧပြီလ သင်္ကြန်ကာလ အပန်းဖြေတည်းခိုဖို့အတွက် ငပလီမှာ ကြိုတင်အခန်းမှာယူတာတွေစတင်နေပြီး များလည်းများလာပါတယ်။ ဒီနှစ်သင်္ကြန်ကာလမှာ မနှစ်ကထက် ဟိုတယ်တွေ အခြေအနေကောင်းနိုင်ပြီး ခရီးသွားလည်း ပိုပြီးဝင်ရောက်နိုင်မယ်လို့ မှန်းထားပါတယ်။ သင်္ကြန်ကာလဟာ ရုံးပိတ်ရက်ရှည်ဖြစ်တဲ့အတွက် ငပလီကို လေယာဉ်နဲ့ လာရောက်နိုင်သလို ဂွတံတားလည်း ဖွင့်လှစ်လိုက်ပြီဖြစ်လို့ ကားနဲ့လည်း လာရောက်လည်ပတ်လို့အဆင်ပြေသွားပါပြီ။ နိုင်ငံခြားခရီးသွားတွေကို Tourism Visa တွေလည်း ပေးထားတဲ့အတွက် မနှစ်ကထက် အပန်းဖြေခရီးသွား ပိုပြီးဝင်နိုင်ပါတယ်။ ငပလီကမ်းခြေဟာ သန့်ရှင်းသာယာလှပတဲ့အတွက် အမှိုက်ကင်းစင်အောင်၊ ဈေးသည်တွေစနစ်တကျရောင်းဝယ်ပြီး ဝန်ဆောင်မှုပေးနိုင်အောင်ဆောင်ရွက်နေပါတယ်။ ဒေသခံတွေနဲ့ ခရီးသွားတွေအနေနဲ့ငပလီကမ်းခြေရဲ့ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပဖို့ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဖို့လည်း အကြံပေးလိုပါတယ်"ဟု ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က ပြောသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ငပလီကမ်းခြေသို့ ၂၀၂၂ ခုနှစ်၏ နှစ်ဆန်းပိုင်းထက် ခရီးသွားများ ပိုမိုဝင်ရောက်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများပြားခဲ့သည့် ကာလတွင် အပန်းဖြေကမ်းခြေကို ယာယီပိတ်ထားခဲ့ပြီး ပြန်လည်ဖွင့်လှစ်သော ကာလတွင် စီးပွားရေးအခွင့်အလမ်းများ ပြန်လည်ပွင့်လန်းလာမှုဖြင့် ဟိုတယ်များနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလာခဲ့သည်။ ၂၀၂၂–၂၀၂၃ ခရီးသွားရာသီ၏ နောက်ဆုံးခရီးသွားကာလ ဖြစ်သော ဧပြီလသင်္ကြန်ကာလတွင် ငပလီကမ်းခြေ၌ ခရီးသွားများကို ပြည့်ဝစွာ ဝန်ဆောင်မှုပေးနိုင်ရန် မတ်လဆန်းမှစ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပင်လယ်ကမ်းခြေ သဘာဝအလှနှင့် အေးချမ်းသာယာမှု၊ ကမ်းခြေသန့်ရှင်းလှပမှုနှင့် ပင်လယ်ရေသန့်ရှင်းမှုဖြင့် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေအား ပြည်တွင်း၊ ပြည်ပခရီးသွားများက သာယာလှပသော ကမ်းခြေတစ်ခုအဖြစ် အသိအမှတ်ပြုထားပြီး ပတ်ဝန်းကျင်ဆူညံမှုမရှိဘဲ ပင်လယ်ကမ်းခြေအင်္ဂါရပ်နှင့်ညီညွတ်၍ သဘာဝအလှနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်မှုကြောင့် နာမည်ကျော်ကြား အလှကြွယ်နေသော ငပလီကမ်းခြေမှ ပြည်တွင်း၊ ပြည်ပခရီးသွားများကို နှစ်စဉ် ဆွဲဆောင်လျက်ရှိသည်။

ငပလီကမ်းခြေ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၅၅ လုံး ဖွင့်လှစ်ထားရာ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# မွန်ဂိုလီးယားနိုင်ငံ၌ လာမည့်နှစ်မှစတင်ကာ သွားဘက်ဆိုင်ရာကျန်းမာရေးစီမံကိန်းတစ်ခု အကောင်အထည်ဖော်မည်ဟုဆို



မွန်ဂိုလီးယားဝန်ကြီးချုပ် လူဆန်နာရမ်ရှိုင်အိုယွန်အာဒီနီ

အူလန်ဘာတာ မတ် ၆

**မွန်ဂိုလီးယားနိုင်ငံအနေဖြင့် လာမည့်နှစ်မှစတင်ကာ သွားဘက်ဆိုင်ရာ ကျန်းမာရေးစီမံကိန်းတစ်ခု အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် လူဆန်နာရမ်ရှိုင်အိုယွန်အာဒီနီက မတ် ၆ ရက်တွင် ပြောသည်။**

သွားဘက်ဆိုင်ရာရောဂါများကို အထူးဂရုပြုကြရန် လိုအပ်ကြောင်းနှင့် သွားဘက်ဆိုင်ရာ ကျန်းမာရေးစီမံကိန်းအတွက် ပြင်ဆင်ထားကြရန် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို ညွှန်ကြားထားကြောင်း နိုင်ငံအတွင်း သွားဘက်ဆိုင်ရာပါရဂူများ၏ ကိုယ်စားလှယ်များနှင့်ပြုလုပ်သော အစည်းအဝေးတစ်ခု၌ ဝန်ကြီးချုပ် အိုယွန် အာဒီနီက မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အစည်းအဝေးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစစ်ဆေးမှုပြုလုပ်စဉ် မွန်ဂိုလီးယားလူမျိုးများအကြား အဖြစ်များသော နာတာရှည်ရောဂါများထဲမှတစ်ခုဖြစ်သည့် သွားပိုးစားခြင်းကို တွေ့ရှိပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း အစိုးရသတင်းထုတ်ပြန်ချက်အရ သိရသည်။

အသက် သုံးနှစ်မှ ခြောက်နှစ်အကြား ကလေးငယ် ၉၀ ရာခိုင်နှုန်းခန့်မှာ သွားပိုးစားခြင်း ခံစားနေရကြောင်းနှင့် အသက် ၃၅ နှစ်မှ ၄၄ နှစ်ကြား အရွယ်ရောက်ပြီးသူ ၉၈ ရာခိုင်နှုန်းမှာလည်း သွားပိုးစားခြင်း ခံစားနေကြရကြောင်း အစိုးရ၏ အချက်အလက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းသူ ၅၀၀၀၀ ကျော်ရှိလာ

**ကွာလာလမ်ပူ မတ် ၆**

မလေးရှားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေးဦးထက်မနည်း သေဆုံးပြီး အခြားလူပေါင်း ၅၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှု ဖြစ်ပွားခဲ့ကြောင်း၊ ရေလွှမ်းနေသော လမ်းများ၊ ရေနစ်မြုပ်နေသော အိမ်များ၊ ကားများနှင့် အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ဂျိုဟာပြည်နယ်၌ ဈေးဆိုင်များ ပိတ်ထားမှုများကို လူမှုကွန်ရက်မီဒီယာပေါ်တွင် ပို့စ်များတင်ကာ ဖော်ပြထားသည်။

ရေကြီး ရေလျှံမှုကြောင့် စာသင်ကျောင်းများနှင့် လူထုအခြေပြုခန်းမများရှိ ကယ်ဆယ်ရေး စင်တာများ၌ လူပေါင်း သောင်းချီရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် နိုဝင်ဘာလမှစတင်ကာ နှစ်စဉ်မုတ်သုံရာသီတွင် ရေကြီးရေလျှံမှုများ ကြုံတွေ့ရလေ့ရှိကြောင်းနှင့် မိုးရွာသွန်းမှုမှာ ဧပြီလအထိ ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ပြောသည်။

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အန်ဝါအီဗရာဟင်သည် မတ် ၆ ရက်က နိုင်ငံတောင်ပိုင်း ရေကြီးရေလျှံမှု အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ဂျိုဟာပြည်နယ်သို့ သွားရောက်ခဲ့ပြီး ရေပြန်ကျသွားသည့်အတွက် ရေကြီးရေလျှံမှုကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ပြောသည်။

အနာဂတ်တွင် ရေကြီးရေလျှံမှုကို နည်းနိုင်သမျှ နည်းစေရန်အတွက် အစိုးရအနေဖြင့် ဇွန်လမှ စတင်ကာ အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကျော် တန်ဖိုးရှိ ရေကြီးရေလျှံမှုသက်သာလျော့ပါးရေးစီမံကိန်းကို အရှိန်မြှင့်လုပ်ဆောင်သွားရန် ကတိပြုထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ် ယောင်ပင်းမြို့ရှိ လမ်းတစ်ခု၌ ရေကြီးရေလျှံမှု ဖြစ်ပွားသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။

# ဗီယက်နမ်၏အကြီးဆုံး ကုန်စည်ပြပွဲကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပမည်

**ဟနွိုင်း မတ် ၆**

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ကုန်စည်ပြပွဲဖြစ်သည့် Vietnam Expo 2023 ကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ နိုင်ငံ၏မြို့တော် ဟနွိုင်း၌ ကျင်းပသွားမည်ဖြစ်ကာ နိုင်ငံနှင့် နယ်မြေ ၁၅ ခု မှ ပြပွဲကျင်းပသူများကို ဆွဲဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၉၁ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာသော ဗီယက်နမ်ကုန်စည်ပြပွဲသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို မြှင့်တင်ရန်နှင့် မိတ်ဆက်ရန် ကျင်းပသည့်နေရာတစ်ခု ဖြစ်လာသည့်အပြင် ဗီယက်နမ်ဈေးကွက်ကို အသားပေးသော ကမ္ဘာလုံးဆိုင်ရာ ကုန်စည်မြှင့်တင်ရေးအဖွဲ့အစည်းများအတွက်လည်း ကျင်းပသည့်နေရာတစ်ခု ဖြစ်လာခဲ့သည်။ ယခုနှစ်ကုန်စည်ပြပွဲတွင် နိုင်ငံနှင့် နယ်မြေပေါင်း ၁၅ ခုမှ ကော်ပိုရေးရှင်း ၅၀၀ ကျော်က ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ပြခန်းငယ်ပေါင်း ၆၀၀ ၌ ခင်းကျင်းပြသထားကာ ပူးပေါင်းပါဝင်သူများကို ဆွဲဆောင်နိုင်မည် ဖြစ်ကြောင်း စီစဉ်သူ Vinexad ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

## ဘယ်လ်ဂျီယံနိုင်ငံနှင့် အကျဉ်းသားလဲလှယ်ရေး အဆင်သင့်ဖြစ်ဟု အီရန်ပြော

**တီဟီရန် မတ် ၆**

ဘယ်လ်ဂျီယံနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက အကျဉ်းသားလဲလှယ်ရန် မီးစိမ်းပြလိုက်ပြီးနောက် ရက်ပိုင်းအကြာတွင် အီရန်နိုင်ငံက နှစ်ရှည်လများ စောင့်ဆိုင်းခဲ့ရသော ဘယ်လ်ဂျီယံနှင့် အကျဉ်းသားလဲလှယ်မှုအတွက် အဆင်သင့်ဖြစ်ကြောင်း မတ် ၄ ရက်က ပြောကြားလိုက်သည်။ အဆိုပါ အကျဉ်းသားလဲလှယ်မှုတွင် သူလျှိုလုပ်ခြင်းအပါအဝင် စွဲချက်များစွာဖြင့် အီရန်နိုင်ငံ၌ နှစ် ၄၀ ကြာ အကျဉ်းကျခံနေရသောဘယ်လ်ဂျီယံအကူအညီပေးရေးလုပ်သား အိုလီဗီယာ ဗန်ဒီကက်စတီးနှင့် ကြိုးကိုင်ခြယ်လှယ်မှုဖြင့် သုံးနှစ်ကြာ ထိန်းသိမ်းထားပြီးနောက် ၂၀၂၁ ခုနှစ် မေလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ နှစ် ၂၀ အကျဉ်းကျခံနေရသော အီရန်အရာရှိ အာဆတ် ဒိုလ်လာအာဆတ်ဒီတို့ ပါဝင်လာဖွယ်ရှိသည်။ **အေအက်ဖ်ပီ**



# ဂါနာ၌ ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်တိုက်မိ၊ ၂၂ ဦးထက်မနည်း သေဆုံး

**အက်ခရာ မတ် ၆**

ဂါနာနိုင်ငံ၌ မတ် ၆ ရက်က ခရီးသည်တင်ဘတ်စ်ကား တစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီး ခေါင်းချင်းဆိုင်တိုက်မိမှုဖြစ်ပွားရာ ၂၂ ဦးထက်မနည်း သေဆုံးကြောင်း ဒေသတွင်း အာဏာပိုင်များက အတည်ပြုပြောကြားသည်။

မြောက်ပိုင်းပြည်နယ်မှ ဂါနာနိုင်ငံ၏ဒုတိယမြို့တော် ကူမာစီသို့သွားသည့် ဘတ်စ်ကားမှာ ကင်တမ်ပိုမြို့အနီး ဆန့်ကျင်ဘက်မှလာသည့် ကုန်တင်ယာဉ် တစ်စီးနှင့် တိုက်မိကြောင်း သိရသည်။

မျက်မြင် သက်သေများ၏ ပြောကြားချက်အရ လူ ၂၁ ဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြားခရီးသည်တစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်ပြီးနောက် သေဆုံးသွားခဲ့ကြောင်း သိရသည်။ အဆိုပါ ကုန်တင်ယာဉ်သည် လမ်းပေါ်တွင် ရပ်ထားသော ကုန်တင်ယာဉ်ကို ရှောင်ရန် ကြိုးစားခဲ့သော်လည်း ဘတ်စ်ကား၏ လမ်းကြောင်းပေါ်သို့ ကွေ့ဝင်သွားကာ ယာဉ်တိုက်မှုဖြစ်ခဲ့ကြောင်း ဘတ်စ်ကားပေါ်မှ အသက်ရှင် ကျန်ရစ်သော ခရီးသည်များက မီဒီယာများသို့ ပြောကြားသည်။

**ဆင်ဟွာ**

# အရှေ့ပိုင်း ခို့စ်ပြည်နယ်၌ အာဖဂန်အာဏာပိုင်များက တံတား ဖွင့်လှစ်ပေး

**ကဘူးလ် မတ် ၆**

အရှေ့ပိုင်း ခို့စ်ပြည်နယ်၌ မတ် ၅ ရက်က အာဖဂန်အာဏာပိုင်များက တံတားတစ်စင်းကို ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံပိုင် ဘက်ခ်ထာသတင်းဌာနက မတ် ၆ ရက်တွင် ဖော်ပြထားသည်။

ခြောက်လအတွင်း အာဖဂန်နီ သန်း ၄၀ (အမေရိကန်ဒေါ်လာ ၄၄၉၂၀၀၀ ဒေါ်လာ) ဖြင့် အကုန်ကျခံ တည်ဆောက်ခဲ့ပြီး အရှည် မီတာ ၆၀ ရှိသည့် အဆိုပါ တံတားမှာ အစမေးကဲနှင့် မန်ဒိုဇိုင်ခရိုင်တို့ကို ပြည်နယ်မြို့တော် ခို့စ်မြို့သို့ ဆက်သွယ်ပေးထားကြောင်း၊ ပြည်တွင်းအစိုးရအဖွဲ့က ဘဏ္ဍာငွေ ထောက်ပံ့ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဆက်လက်ပြောကြားသည်။

ပြည်တွင်းစီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် အရေးကြီးသော ခြေလှမ်းကို ကြိုဆိုသည့် အနေဖြင့် ခို့စ်ပြည်နယ်မှ ပြည်သူများက တံတားများ၊ လမ်းများ၊ ကျန်းမာရေးဌာနများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးရန် တောင်းဆိုခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားအနောက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်းသေဆုံး



မြေပြိုမှုဖြစ်ပွားရာနေရာ၌ ဒေသခံများ အပျက်အစီးများကို ကြည့်ရှုနေစဉ်။

ဂျကာတာ မတ် ၆

အင်ဒိုနီးရှားအနောက်ပိုင်း ရီယာပြည်နယ် နာတူနာဒေသတွင် မတ် ၆ ရက်က မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြားပျောက်ဆုံးခဲ့ကြောင်း ကယ်ဆယ်ရေး အရာရှိတစ်ဦးက ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

နာတူနာဒေသတွင် သဘာဝဘေးဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက ပြောကြားခဲ့သည်။

သေဆုံးသူ အရေအတွက် မြင့်တက်လာနိုင်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ဂျူနိုင်နာက ပြောကြားခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ဆိုးရွားသည့် ရာသီဥတု အခြေအနေနှင့် ဆက်သွယ်ရေးကွန်ရက်အခြေအနေ ဆိုးရွားမှုများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဟန့်တားနှောင့်ယှက်လျက်ရှိကြောင်း ဂျူနိုင်နာက ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် နာတူနာဒေသရှာဖွေကယ်ဆယ်ရေးရုံးက သဘာဝဘေးဖြစ်ပွားရာဒေသသို့ ပူးတွဲရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်ထားကြောင်း အမျိုးသား ရှာဖွေကယ်ဆယ်ရေးရုံး ပြောရေးဆိုခွင့်ရှိသူ ယူဆက်ဖ် လာတဖ်က ပြောကြားသည်။

အဆိုပါအဖွဲ့တွင် စစ်သားများ၊ ရဲအရာရှိများ၊ မီးသတ်သမားများနှင့် ဒေသသဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှ တာဝန်ရှိသူများပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါအဖွဲ့သည် သဘာဝဘေးဖြစ်ပွားရာနေရာသို့ သွားရောက်နေပြီဖြစ်ကြောင်း၊ သို့သော်လည်း ရာသီဥတုအခြေအနေက အဆိုပါနေရာသို့ ရောက်ရန် အဟန့်အတားဖြစ်နေကြောင်း လာတဖ်က ပြောသည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ် မြို့တော်ဒါကာရှိ ကုမ္ပဏီတစ်ခု မီးလောင်ပေါက်ကွဲခဲ့ရာ လူသုံးဦး သေဆုံး




မီးလောင်မှုဖြစ်ပွားရာ နေရာ၌ သက်ဆိုင်ရာတာဝန်ရှိသူများ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ဒါကာ မတ် ၆

ဘင်္ဂလားဒေ့ရှ် မြို့တော် ဒါကာရှိ ကုမ္ပဏီ အဆောက်အအုံ တစ်လုံးတွင် မတ် ၅ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် လူသုံးဦးထက် မနည်း သေဆုံးခဲ့သည်။

သေဆုံးသူများကို မီးလောင်မှု ဖြစ်ပွားရာကုမ္ပဏီအဆောက်အအုံ အတွင်း တွေ့ရှိခဲ့ကြောင်း ဒါကာ နယူးမားကတ်ရဲစခန်းမှ တာဝန်ခံ ရဲအရာရှိ ရှာဟာဘူဟာ့ရှာဘူးက သတင်းထောက်များကို ပြောကြားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံမှာ မီးလောင်ကျွမ်းခဲ့ပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒေသတွင်းမီဒီယာများက ဒဏ်ရာရရှိသူ ၄၀ အထိ ရှိလာကြောင်း ဖော်ပြခဲ့သည်။

ပေါက်ကွဲမှုကြောင့် အဆောက်အအုံ အစိတ်အပိုင်းအချို့ ပြိုကျခဲ့ကြောင်း တာဝန်ခံ အရာရှိက ပြောကြားခဲ့သည်။

နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က ရရှိခဲ့သော မီးလောင်မှုသတင်း ပေးပို့ချက်အရ မီးသတ်တပ်ဖွဲ့ လေးဖွဲ့ မီးလောင်မှု ဖြစ်ပွားရာ နေရာသို့ ရောက်ရှိပြီးနောက် နာရီဝက်အကြာ၌ မီးများကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေး ကွပ်ကဲမှု တာဝန်ခံဖြစ်သူ ခါလီဒါ ယိစ်မင်က ပြောသည်။

မီးလောင်မှု ဖြစ်ပွားခြင်း၏ နောက်ကွယ်ရှိ အကြောင်းရင်းကို မသိရသေးချေ။

ဆင်ဟွာ

## ပါကစ္စတန်အနောက်တောင်ပိုင်းတွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား၊ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

အစ္စလာမ္မာဘတ် မတ် ၆

ပါကစ္စတန် အနောက်တောင်ပိုင်း ဘလူချီစတန် ပြည်နယ်တွင် မတ် ၆ ရက်က အသေခံဗုံးခွဲသမား တစ်ဦးသည် လုံခြုံရေးဝန်ထမ်းများ လိုက်ပါလာသော ယာဉ်တစ်စီးကို အသေခံဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး သေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောသည်။

အဆိုပါဖြစ်စဉ်သည် ဘိုလန်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးခွဲသမားသည် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် ၎င်း၏ ဆိုင်ကယ်ကို လုံခြုံရေးတပ်ဖွဲ့များ တင်ဆောင်လာသော ကုန်တင်ယာဉ်ဆီသို့ မောင်းဝင် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း နယ်မြေခံရဲရာရှိ ဆီဘီ ယူဆက်ဖ် ကာရင်းဘန်ကာက ပြောကြားခဲ့သည်။

ယာဉ်ပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၂ ဦး လိုက်ပါလာကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဘန်ကာက ပြောကြားခဲ့သည်။



အသေခံကားဗုံးဖောက်ခွဲမှုကြောင့် ပျက်စီးသွားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ကုန်တင်ယာဉ်ကို တွေ့ရစဉ်။

အဆိုပါဒေသအတွင်း အကြမ်းဖက်ခြိမ်းခြောက်မှုများ ဖြစ်ပွားမည့်အပေါ် တပ်လှန့်ထားသည်။ ထို့ကြောင့် လုံခြုံရေးများ တိုးမြှင့်ထားသည်။ သို့သော်လည်းအသေခံဗုံးခွဲသမားက အောင်မြင်စွာ ဗုံးခွဲခဲ့ခြင်းဖြစ်သည်။

လုံခြုံရေး တပ်ဖွဲ့များနှင့် သက်ဆိုင်သည့် သတင်းများကို အသေခံဗုံးခွဲသမား ရရှိခဲ့သည့်အပေါ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့ကြောင်း ယခုအချိန်အထိ မသိရသေးချေ။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ၁ ဒသမ ၅ သန်း ရောက်ရှိရန် မျှော်မှန်းထား

ကိုလံဘို မတ် ၆

သီရိလင်္ကာနိုင်ငံ နိုင်ငံတကာလေဆိပ်သည် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားခရီးသွား ၁၁၀၀၀ ကျော် ဝင်ထွက်သွားလာခဲ့ကြောင်း သီရိလင်္ကာလေကြောင်းလိုင်း ဝန်ဆောင်မှုအဖွဲ့က မတ် ၆ ရက်က ပြောကြားခဲ့သည်။

အဆိုပါလေဆိပ်သည် သီရိလင်္ကာနိုင်ငံ တောင်ပိုင်းမြို့ဖြစ်သော မက်တာလာတွင် တည်ရှိသည်။ အဆိုပါလေဆိပ်သည် နိုင်ငံတကာ ဆိုက်ရောက်ခရီးသည် ၆၂၅၉ ဦးနှင့် ထွက်ခွာခရီးသည် ၅၆၆၇ ဦးကို ဖေဖော်ဝါရီလအတွင်း လက်ခံခဲ့ကြောင်း သီရိလင်္ကာလေကြောင်းလိုင်း ဝန်ဆောင်မှုအဖွဲ့က ပြောခဲ့သည်။

မတ် ၆ ရက်က သီရိလင်္ကာနိုင်ငံတကာလေဆိပ်သည် နိုင်ငံတကာခရီးသည် ၆၀၂ ဦးကို လက်ခံခဲ့သည်။ ယခုနှစ်သည် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားကဏ္ဍပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး နှစ်တစ်နှစ်ဖြစ်ကြောင်း သီရိလင်္ကာလေကြောင်းလိုင်းဝန်ဆောင်မှုအဖွဲ့က ပြောခဲ့သည်။

ဖေဖော်ဝါရီလအတွင်း သီရိလင်္ကာနိုင်ငံအတွင်းသို့ နိုင်ငံတကာခရီးသွား ၁၀၇၆၃၉ ဦး ဝင်ရောက်ခဲ့သည်။ အဆိုပါပမာဏသည် ယမန်နှစ်ထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ၁ ဒသမ ၅ သန်း ရောက်ရှိရန် မျှော်မှန်းထားပြီး ၂၀၂၄ ခုနှစ်တွင် သုံးသန်း ရောက်ရှိရန် မျှော်မှန်းထားသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော့ကိုင်းဒိုးတွင် တောင်ပြိုမှုများဆက်တိုက်ဖြစ်ပွားရာ နှင်းလျှောစီးသမားတစ်ဦးသေဆုံး

တိုကျို မတ် ၆

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးတွင် တောင်ပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ နှင်းလျှောစီးသမားတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိသည်။

သေဆုံးသူကို မိသားစုများ၏ သတင်းပေးပို့ချက်အရ ရဲတပ်ဖွဲ့များက လိုက်လံရှာဖွေခဲ့ရာ ဆီးနှင်းအောက်တွင် တွေ့ရှိခဲ့သည်။ ၎င်းကိုဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သော်လည်း သေဆုံးခဲ့သည်။

တောင်ပြိုမှုများသည် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လာသဖြင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အသက် ၆၀ ကျော် နှင်းလျှောစီးသူ တစ်ဦးလည်း တောင်ပြိုမှုတွင် ပျောက်ဆုံးခဲ့သေးသည်။ ရဲတပ်ဖွဲ့ဝင်များက ၎င်းကို ရှာဖွေခဲ့သော်လည်း ယခုအချိန်အထိ သဲလွန်စတစ်စုံတစ်ရာ မရရှိသေးချေ။

အင်န်အိတ်ချ်ကေ

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၃ ရာခိုင်နှုန်းရှိ

**(၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၇၅,၀၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၁၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သောလက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မတ် ၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ဒေသခံပြည်သူ ၁၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၁၀ |
| 95 Ron | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၅ | ၂၃၂၅ | ၂၃၀၅ | ၂၄၀၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၃၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၅ | ၂၁၆၀ |
| 95 Ron | ၂၁၅၉ | ၂၂၃၅ |
| HSD (500 ppm) | ၂၁၆၂ | ၂၂၃၅ |
| HSD (50 ppm) | ၂၂၃၆ | ၂၃၁၀ |
| HSD (10 ppm) | ၂၂၃၆ | ၂၃၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လယ်ယာမြေကောင်းစေပြီး သီးနှံအထွက်တိုးစေဖို့ သဘာဝမြေသြဇာသုံးစွဲကြပါစို့

ဦးဦးစိုက်ပျိုးရေး

**လယ်ယာစိုက်ပျိုးရေးတွင် သီးနှံများ အထွက်တိုးတက်စေရေးအတွက် မြေဆီလွှာသည် အလွန်အရေးကြီးသည်။ မြေဆီလွှာအာဟာရဓာတ်ပြည့်ဝမှသာ သီးနှံများ အထွက်တိုးမည်မှာ တောင်သူဦးကြီးများ သိရှိပြီးဖြစ်သည်။ သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာပြုပြင်ရေးနည်းလမ်း ဆောင်ရွက်ကြရာတွင် မြေသြဇာများကို သုံးစွဲခြင်းသည်လည်း တစ်နည်းအပါအဝင် ဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုကြသော မြေသြဇာများကို စနစ်တကျ ခွဲခြားကြည့်လျှင် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာဟူ၍ သုံးမျိုးတွေ့ရှိနိုင်သည်။ ဓာတ်မြေသြဇာများကို သုံးစွဲခြင်းသည် အပင်ကြီးထွားမှု၊ သီးပွင့်မှုစသည့် အပင်ဇီဝကမ္မဖြစ်စဉ်များကို ချက်ချင်းအကျိုးဖြစ်ထွန်းစေသော်လည်း ရေရှည်သုံးစွဲပါက မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေပါသည်။ ဇီဝမြေသြဇာ(ရိုင်ဇိုဘီယံ)သည် သီးနှံအမျိုးအစားအလိုက်၊ မြေအမျိုးအစားအလိုက် ထည့်သွင်းအသုံးပြုရသော မြေသြဇာအမျိုးအစားဖြစ်သည်။ အပင်နှင့်တိရစ္ဆာန်တို့၏ ရုပ်ကြွင်းနှင့်အညစ်အကြေးများကို သဘာဝမြေသြဇာအဖြစ် ရှေးယခင်ကတည်းကပင် သီးနှံစိုက်ပျိုးရာတွင် အသုံးပြုခဲ့ကြပြီး ရေရှည်တည်တံ့သော သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဆက်လက်အသုံးပြုသင့်သော မြေသြဇာအမျိုးအစား ဖြစ်သည်။**

သဘာဝမြေသြဇာတွင် နွားချေးအပါအဝင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သီးနှံအကြွင်းအကျန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ နှမ်းဖတ်၊ ပဲဖတ်၊ အရိုးမှုန့်၊ သစ်စိမ်းမြေသြဇာတို့ ပါဝင်သည်။ သဘာဝမြေသြဇာများကို အခြားပြည်ပနိုင်ငံများတွင်လည်း အသုံးပြုလျက်ရှိပြီး ဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဓာတ်မြေသြဇာများ အသုံးပြုမှုများလာသည့်အတွက် မြေဆီလွှာတွင် မြေဆီသြဇာ ခန်းခြောက်လာခြင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာစေခြင်းတို့ကြောင့် ဘေးအန္တရာယ်ကင်းသော သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

သဘာဝမြေသြဇာတွင် အာဟာရဓာတ် ပါဝင်မှုမှာ ဓာတ်မြေသြဇာထက်နည်းပါးသော်လည်း သီးနှံများ လိုအပ်သော အာဟာရဓာတ်စုံများ ပါဝင်ပြီး ရေရှည်မြေဆီလွှာပြုပြင်ရာတွင် ပိုမိုကောင်းမွန်စေသော မြေသြဇာအမျိုးအစား ဖြစ်သည်။ သဘာဝမြေသြဇာသည် မြေဆီလွှာ၏ ရူပ၊ ဓာတုနှင့် ဇီဝဂုဏ်သတ္တိများကို ပိုမိုကောင်းမွန်တိုးတက်စေသည်။ မြေဆီလွှာအတွင်း သဘာဝမြေဆွေးပါဝင်မှု ပမာဏများပါက မြေဆီလွှာအရောင်သည် မည်းမှောင်နက်ခြင်း၊ ရေစိမ့်ဝင်နိုင်မှုကောင်းခြင်း၊ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်ခြင်းနှင့် မြေသင်းနံ့ကောင်းခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သဘာဝမြေသြဇာများကို စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာ အသုံးပြုနိုင်လျှင် မြေဆီလွှာကောင်းမွန်ပြီး သီးနှံအထွက်နှုန်းတိုးမည်မှာ ဧကန်အမှန်ပင် ဖြစ်သည်။



ဒီပဲယင်းမြို့နယ်အတွင်း ကျေးရွာများမှ တောင်သူများအား သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းကို စိုက်ပျိုးရေးဦးစီးဌာနက သရုပ်ပြစဉ်။

**❋ သီးနှံအထွက်တိုးရေး လုပ်ဆောင်ရာတွင် ဓာတ်မြေသြဇာတစ်မျိုးတည်းကို နှစ်စဉ်ဆက်တိုက် အသုံးပြုလျှင် မြေဆီလွှာ၏ အရည်အသွေးသည် တဖြည်းဖြည်းကျဆင်းလာပြီး သီးနှံပင်အတွက် လိုအပ်သော အာဟာရဓာတ်လျော့နည်းလာခြင်းဖြင့် အပင်ဖြစ်ထွန်းမှုကို ထိခိုက်ကာ အထွက်နှုန်းလျော့နည်းလာနိုင်ပါသည်။ ထို့ကြောင့် သဘာဝမြေသြဇာများကို မဖြစ်မနေ သုံးစွဲရပေလိမ့်မည်။ အလားတူ ယနေ့ခေတ်တွင် ဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်ခြင်းနှင့် စိုက်ပျိုးသော လယ်ယာသီးနှံအချို့နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချနိုင်ရေးတို့အတွက် နွားချေးမြေသြဇာအသုံးပြုရန် အထူးပင်လိုအပ်လာ**

## သဘာဝမြေသြဇာကို ဘယ်လို သုံးမလဲ

တောင်သူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေသြဇာအဖြစ် နွားချေးကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြပြီး အချို့သော တောင်သူဦးကြီးများမှာ နွားချေး သီးသန့် အသုံးပြုကြပြီး အချို့သောတောင်သူများမှာ နွားချေးကို သီးနှံအကြွင်းအကျန်များနှင့် ရောနှော အသုံးကြသည်။ နွားချေးများကို စုဆောင်းသည့် နည်းလမ်းနှစ်မျိုးကို တွေ့ရပြီး ပထမနည်းမှာ နွားများ အိပ်စက်အနားယူနိုင်သော အကျယ်အဝန်း အတိုင်း ကျင်းတူးထားပြီး နွားများစွန့်ပစ်သမျှ ကျင်ကြီး၊ ကျင်ငယ်များ စိုစွတ်ပြီး ဗွက်ထလာသည့် အခါတိုင်း အောက်ခင်းများ ထပ်ဖြည့်ခင်းကာ စုဆောင်းသည့်နည်း ဖြစ်ပါသည်။ ဒုတိယနည်းမှာ ကျင်းကို နွားအောက်တွင် မထားဘဲ သင့်လျော်သော သီးခြားနေရာတွင် အမိုးနှင့်ထားရှိ၍ နွားချေးများကို နေ့စဉ် နွားတင်းကုပ်မှ သယ်ယူပြီး ကျင်းထဲသို့ ထည့်ပေးကာ စုဆောင်းသော နည်းဖြစ်သည်။

နွားချေးမြေသြဇာကို အသုံးပြုသည့်အခါ အရေးအကြီးဆုံး အထူးဂရုစိုက်ရမည့်အချက်မှာ နွားချေးသည် “အေး” ရမည်ဖြစ်သည်။ နွားချေး “အပူ” ကို စိုက်ခင်းထဲတွင် မထည့်ရပါ။ ဆိုလိုသည်မှာ နွားချေးသည် ကောင်းစွာဆွေးမြည့်နေရမည်ဟု ဆိုလိုပါသည်။ နွားချေး “အပူ” သည် နွားများ ချက်ချင်းယိုထားသော ပူပူနွေးနွေးချေးနှင့် တင်စားပြောထားခြင်းသာဖြစ်ပြီး မဆွေးမြည့်သော နွားချေးကို ဆိုလိုပါသည်။ ကောင်းစွာ မဆွေးမြည့်သော နွားချေးများကို သီးနှံစိုက်ပျိုးမြေများတွင်အသုံးပြုလျှင် ဆွေးမြည့်ခြင်းဖြစ်စဉ်မှထွက်ရှိသော အော်ဂဲနစ်အက်စစ်များသည် အပင်ကို အဆိပ်အတောက်ဖြစ်စေနိုင်သည်။ ထို့ပြင် အဏုဇီဝပိုးများသည် အာဟာရဓာတ်များကို ပြိုင်တူစုပ်ယူစားသုံးသည့်အတွက် သီးနှံပင်များအတွက် လိုအပ်သော အာဟာရဓာတ်များကို အလုံအလောက် မရရှိနိုင်ပါ။ ထို့ကြောင့် ကောင်းစွာဆွေးမြည့်သော နွားချေးကိုသာ စိုက်ခင်းထဲတွင် အသုံးပြုရန် အလွန်အရေးကြီးသည်။

အသုံးပြုသောနွားချေးသည် ကောင်းစွာ ဆွေးမြည့်လျှင် နွားချေးတွင်ပါဝင်သော အာဟာရဓာတ်များကို အပင်သည် စားသုံးနိုင်သည့်အပြင် ဆွေးမြည့်သော နွားချေးသဘာဝမြေသြဇာမှ ထွက်ပေါ်လာသော အက်စစ်ဓာတ်ကြောင့် အပင်စားသုံးရန်ခက်ခဲသော သံဓာတ်၊ မန်ဂနိစ်ဓာတ်နှင့် ဖော့စဖိတ်ဓာတ်များကို အပင်သည် အလွယ်တကူ စားသုံးနိုင်သည်။ ထို့ကြောင့် နွားချေးမြေသြဇာများကို ကောင်းစွာဆွေးမြည့်အောင် ပြုလုပ်ပြီးမှသာ သုံးစွဲသင့်သည်။

## ဘာ့ကြောင့် သဘာဝမြေသြဇာကို သုံးသင့်တာလဲ

ကောင်းစွာဆွေးမြည့်သော သဘာဝမြေသြဇာများကို အသုံးပြုလျှင် စေးသောမြေကို ဖွယ်စေပါသည်။ သဲဆန်လွန်းသောမြေကို သိပ်သည်းစေသည်။ ရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်သည်။ မြေထဲတွင် လေဝင်လေထွက် ကောင်းမွန်စေနိုင်သလို အပူအအေးကိုလည်း မျှတအောင် ထိန်းထားပေးနိုင်ပါသည်။ ထို့ပြင် အာဟာရဓာတ်များကို အမြစ်မှ အလွယ်တကူ စုပ်ယူစားသောက်နိုင်သည်။ အရေးအကြီးဆုံးအချက်မှာ မြေဆီလွှာအတွင်းရှိ သဘာဝမြေဆွေး (သို့) မြေဆီသြဇာဓာတ်ကို ဖြည့်တင်းပေးရုံမျှမက ရေရှည်ကာလတွင် မြေဆီလွှာ အာဟာရဓာတ်များကို ထိန်းသိမ်းထားနိုင်ပါသည်။ ဤအချက်သည် ကုန်ကျစရိတ်များပြီး အပင်အတွက် အာဟာရဓာတ် တစ်မျိုးတည်းသာ ဖြည့်ပေးနိုင်သော ဓာတ်မြေသြဇာများထက် ပိုမိုကောင်းမွန်သော အဓိက အားသာချက်ဖြစ်သည်။

တောင်သူအများစုအသုံးပြုနေကြသည့် ပုလဲမြေသြဇာဟုခေါ်သည့် ယူရီးယားဓာတ်မြေသြဇာကို အသုံးပြုလျှင် နိုက်ထရိုဂျင်ဓာတ်အာဟာရတစ်မျိုးတည်းကိုလည်းကောင်း၊ တီစူပါကို အသုံးပြုလျှင် ဖော့စဖောရပ်ဓာတ် တစ်မျိုးတည်းကိုလည်းကောင်း၊ ပိုတက်ရှ်ကိုအသုံးပြုလျှင် ပိုတက်ဆီယမ်ဓာတ် တစ်မျိုးတည်းကိုလည်းကောင်း အသီးသီးရရှိစေမည်ဖြစ်သည်။ အလားတူပင် ကွန်ပေါင်းမြေသြဇာ အသုံးပြုလျှင်လည်း အာဟာရဓာတ် သုံးမျိုး၊ လေးမျိုးသာ ရရှိနိုင်မည်ဖြစ်သော်လည်း သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် သီးခြားဝယ်ယူစရာမလိုဘဲ အာဟာရဓာတ်စုံပါဝင်ပြီး တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူ ရရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့မွေးမြူထားသော နွားများကို စနစ်တကျ မွေးမြူပြီးနွားချေးများကို စနစ်တကျ သိမ်းဆည်းသိုလှောင်ထားသည့် အလေ့အကျင့်မျိုးမွေးမြူနိုင်လျှင်လည်း များစွာအကျိုးထူးလှပေသည်။

သဘာဝမြေသြဇာများသည် အာဟာရဓာတ် တစ်မျိုးချင်းစီအနေဖြင့် ပါဝင်မှုနည်းပါးသော်လည်း အပင်မှ လိုအပ်သည့် အာဟာရဓာတ်ပါဝင်မှုကို စုံလင်စွာ ပေးစွမ်းနိုင်ပါသည်။ တွေ့ရှိချက်များအရ နွားတစ်ကောင်သည် တစ်နေ့လျှင် နွားချေးအစို ၄၀ နှင့် အခြောက် ၁၂ ကီလိုဂရမ် ထွက်ရှိသည့်အတွက် နွားအကောင်တစ်ရာမွေးထားပါက တစ်နေ့လျှင် နွားချေး ၁ ဒသမ ၂ တန် ရရှိနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် နွားချေး ၄၃၈ တန် ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နွားချေးတစ်တန် (၁၀၀၀ ကီလိုဂရမ်) ကို စိုက်ပျိုးမြေဆီလွှာများတွင် ထည့်သွင်းခြင်းဖြင့် နိုက်ထရိုဂျင် ၂ ဒသမ ၄၂ ကီလိုဂရမ်၊ ဖော့စဖိတ် ၆ ဒသမ ၆၀ ကီလိုဂရမ်၊ ပိုတက်ရှ် ၃ ဒသမ ၄၃ ကီလိုဂရမ်နှင့် အော်ဂဲနစ်မြေဆွေး ၁၈၁ ဒသမ ၃၄ ကီလိုဂရမ် ရရှိနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေးကဏ္ဍအသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နေကြသော သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် စိုက်ပျိုးသည့် သီးနှံအထွက်နှုန်းတိုးမှသာ ဝင်ငွေကောင်းပြီး လူနေမှုဘဝမြင့်မားနိုင်ပေမည်။ ထိုသို့ သီးနှံအထွက်တိုးရေး လုပ်ဆောင်ရာတွင် ဓာတ်မြေသြဇာတစ်မျိုးတည်းကို နှစ်စဉ်ဆက်တိုက် အသုံးပြုလျှင် မြေဆီလွှာ၏ အရည်အသွေးသည် တဖြည်းဖြည်းကျဆင်းလာပြီး သီးနှံပင်အတွက် လိုအပ်သော အာဟာရဓာတ်လျော့နည်းလာခြင်းဖြင့် အပင်ဖြစ်ထွန်းမှုကို ထိခိုက်ကာ အထွက်နှုန်းလျော့နည်းလာနိုင်သည်။ ထို့ကြောင့် သဘာဝမြေသြဇာများကို မဖြစ်မနေ သုံးစွဲရပေလိမ့်မည်။ အလားတူ ယနေ့ခေတ်တွင် ဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်ခြင်းနှင့် စိုက်ပျိုးသော လယ်ယာသီးနှံအချို့နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချနိုင်ရေးတို့အတွက် နွားချေးမြေသြဇာအသုံးပြုရန် အထူးပင် လိုအပ်လာသည်။

အလားတူမြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများမှ အများဆုံးထွက်ရှိနေသော ကြက်ချေး၊ ဝက်ချေး၊ဆိတ်ချေးတို့ကို နွားချေးမြေသြဇာကဲ့သို့ သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ကြက်အကောင်တစ်ရာမှ တစ်ရက်လျှင် ကြက်ချေး ၀ ဒသမ ၀၃ တန်၊ ဝက်နှင့် ဆိတ်မှ ၀ ဒသမ ၀၉ တန်ခန့်ရရှိနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ကြက်ချေး ၁၀ ဒသမ ၉၅ တန်နှင့် ဝက်နှင့်ဆိတ်ချေး စုစုပေါင်း ၃၂ ဒသမ ၈၂ တန် ရရှိနိုင်မည် ဖြစ်ပါသည်။ ကြက်ချေး၊ ဝက်ချေးစသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများသည် ဗက်တီးရီးယား၊ မှိုနှင့် ဗိုင်းရပ်စ်များ ကပ်ပါးပရိုတိုဇိုဝါးများ၊ ပဋိဇီဝပိုးသတ်ဆေးများနှင့် ပဋိဇီဝယဉ်ပါးသော ရောဂါပိုးမွှားများ၊ အန္တရာယ်ရှိစေနိုင်သော ဓာတ်ကြွင်းများ၊ 17β estradiol နှင့် testosterone ဟော်မုန်းများဖြစ်သော အီစထရိုဂျင်နှင့် ဒိုင်အောက်ဇင် furans polychlorinated biphenyls နှင့် poly-cyclic aromatic hydrocarbons ကဲ့သို့သော ပိုးသတ်ဆေးများ ပါဝင်နိုင်သဖြင့် ကြက်ချေး၊ ဝက်ချေးတို့ကို အခြေပြုသော မြေသြဇာများကို အသုံးပြုမည်ဆိုပါက လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိစေရန် သတိပြုသုံးစွဲသင့်ပါသည်။

ထို့ကြောင့် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက် လုပ်ကိုင်ပါက မွေးမြူရေးမှ ဝင်ငွေရရှိမည့် အပြင် မွေးမြူရေးမှထွက်သော *စာမျက်နှာ ၁၇ သို့*

# သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်းဆိုရာဝယ်

**မောင်မောင်လင်း (သံအမတ်ကြီး)**

**ဗုဒ္ဓမြတ်စွာဟာ ဘုရားအဖြစ်သို့ ရောက်လျှင်ရောက်ချင်း ဓမ္မစကြာတရား ဟောကြားခဲ့ရာမှာ နိဗ္ဗာန်သွားရာလမ်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတရားတော်ကို ဟောကြားခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါးဆိုတာ ရှုဉာဏ်တရား ငါးပါးနဲ့ သီလမဂ္ဂင် သုံးပါး ပေါင်းစည်းထားတာလို့ နာယူမှတ်သားရပါတယ်။ အဲ့ဒီအထဲမှာ အခြေခံအကျဆုံးနဲ့ ပထမဆုံးဖြစ်တဲ့ သမ္မာဒိဋ္ဌိ မှန်ကန်စွာ ရှုမြင်တတ်ရေး သို့မဟုတ် နားလည်တတ်ရေး (Right View / Right Understanding) ဖြစ်နိုင်ဖို့အတွက် မှန်ကန်စွာတွေးတောဆင်ခြင်ခြင်း (Right Thought) ဟာ အလွန်အရေးကြီးတယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ တရားတော်မှာ နာယူခဲ့ဖူးပါတယ်။ လူမှာ စိတ်ဟာ လွန်စွာအရေးပါပြီး မိမိရဲ့ ပြောဆိုမှု၊ ပြုမူနေထိုင်လုပ်ဆောင်မှုအားလုံးအပေါ် စိတ်ကဦးဆောင်လုပ်ဆောင်နေခြင်းဖြစ်တာကြောင့် အတွေးမှန်၊ အသိမှန်မှသာ မှန်ကန်စွာပြောဆို၊ ပြုမူမှု လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း နာယူခဲ့ရပါတယ်။**

### သမ္မာဝါစာ

လူများဟာ မိမိနေ့စဉ်နေထိုင် လုပ်ဆောင်နေတဲ့ လူမှုနဲ့ လုပ်ငန်းခွင်ဝန်းကျင်ထဲမှာပင် သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း (Right Speech)၊ သမ္မာကမ္မန္တ ကောင်းစွာ လုပ်ဆောင်ခြင်း (Right Action) နဲ့ သမ္မာအာဇီဝ ကောင်းစွာအသက်မွေးဝမ်းကျောင်းပြုခြင်း (Right Livelihood) ဆိုတဲ့ သီလမဂ္ဂင်တရားနဲ့ ညီညွတ်အောင်နေထိုင်ခြင်းမျိုးဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရရှိခံစားနိုင်တယ်လို့ နာယူခဲ့ရပါတယ်။

အဲဒီသုံးပါးအနက်က လူတွေအနေနဲ့ နေ့စဉ်ဘဝမှာ အများဆုံးလုပ်ဆောင်နေကြတာ စကားပြောဆိုမှု မဟုတ်ပါလား။ ဆရာတော်ကြီးက "သီလမဂ္ဂင် သုံးပါးထဲမှာပါတဲ့ ကာယကံ၊ ဝစီကံနဲ့ မနောကံ ဒုစရိုက်သုံးမျိုး မကျူးပေါက်အောင်နေထိုင်နိုင်ရေးမှာ ဝစီကံသည်အရေးကြီးဆုံးဖြစ်တယ်၊ ဝစီဒုစရိုက်တစ်ခုဖြစ်တဲ့ လိမ်ပြောတတ်သူတစ်ဦးဟာ ကျန်တဲ့ သီလတွေချိုးဖောက်ဖို့လည်း ဝန်မလေးတတ်သူဖြစ်တယ်" လို့ ဟောကြားခဲ့ပါတယ်။ မိမိပြောဆိုနေမှုတွေဟာ မှန်ကန်နေဖို့၊ ကောင်းမွန်နေဖို့၊ သမ္မာဝါစာ ဖြစ်ဖို့ဆိုရင်မိမိရဲ့နှုတ်ကလေးကိုထိန်းသိမ်းပြောဆိုတတ်ဖို့ လိုအပ်တာပေါ့။ မဟုတ်ရင် နှုတ်ကြောင့် ပြဿနာများစွာ ရှိလာနိုင်တာပေါ့။ ဒါကြောင့် ဗုဒ္ဓမြတ်စွာဟာ နှုတ်နဲ့ပတ်သက်လို့ လိုက်နာစောင့်ဆည်းရန် ကျင့်ဝတ် Morality အချက် လေးချက် ချမှတ်ပေးခဲ့ပါတယ်-

(၁) မိမိပြောတဲ့ စကားဟာ မှန်ကန်မှုရှိရမယ်။ မဟုတ်တာ မမှန်တာ မပြောနဲ့၊ ဟုတ်တာ မှန်တာကိုပဲ ပြောရမယ်။

(၂) တစ်ဦးနဲ့တစ်ဦး ညီညွတ်ရေးပျက်ပြားစေတဲ့ ကုန်းတိုက် ကုန်းချောတဲ့ စကားမပြောရ။

(၃) ရိုင်းစိုင်းတဲ့ စကားမပြောရ ယဉ်ကျေးတဲ့ စကားသာ ပြောရမယ်။

(၄) အကျိုးရှိတဲ့စကားကိုသာ ပြောရမယ်၊ အကျိုးမရှိတဲ့စကားမပြောရ။ (ကျိုးကြောင်းဆီလျော်တဲ့ စကားကိုသာ ပြောရမယ်)

### မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင်

ဒါကြောင့် လူတွေဟာ နှုတ်မှစပြီး ပြင်ဖို့လိုပါတယ်။ ဒါဟာ နေ့စဉ်ဘဝမှာ နေထိုင်နေရင်းနဲ့ကို လုပ်နိုင်ပါတယ်။ ဒါ့အပြင် မြတ်ဗုဒ္ဓက သုတ္တန်တစ်ခုမှာလည်း လူတိုင်းဟာ စကားပြောဆိုရေးနဲ့ စပ်လျဉ်းပြီး သန္နိဋ္ဌာန်ပြု ဆောင်ရွက်သင့်တာတွေက-

(၁) ပြောသင့်တဲ့အခါမှ ပြောမယ်၊ မပြောသင့်တဲ့ အခါမျိုးမှာ မပြောဘူး။

(၂) ဘာကိုပြောရမလဲဆိုရင် မှန်တဲ့ အကြောင်းအရာကိုပဲ ပြောမယ်။

(၃) ပြောရင်လည်း ယဉ်ယဉ်ကျေးကျေးပြောမယ်၊ ရိုင်းရိုင်းစိုင်းစိုင်း မပြောဘူး။

(၄) အကျိုးရှိတဲ့စကားမှသာ တန်ဖိုးရှိတယ်။

(၅) ပြောတဲ့အချိန်မှာရှိနေတဲ့ စိတ်နေစိတ်ထားက အရေးကြီးတာမို့လို့ မေတ္တာစိတ်နဲ့ ပြောမယ်၊ ဒေါသစိတ်နဲ့မပြောဘူး။

လူမှုဆက်ဆံရေးနယ်ပယ်မှာ ဗုဒ္ဓရဲ့ လမ်းစဉ်အတိုင်းသာ ကျင့်သုံးသွားမယ်ဆိုရင် အဲဒီလူပုဂ္ဂိုလ်ဟာ အပြစ်ကင်းတဲ့စကားကိုသာ ပြောဆိုနေမှုကြောင့် သမ္မာဝါစာမဂ္ဂင်ကို လက်တွေ့ကျင့်သုံးနေတာဖြစ်လို့ လောကုတ္တရာအကျိုးဖြစ်ထွန်းစေတဲ့ အဆင့် မမြင့်သေးရင်တောင်မှ လောကီဘဝဖြစ်တဲ့ အောက်အဆင့်မျိုးမှာ ကောင်းကျိုးချမ်းသာ ရရှိနေမှာဖြစ်ပြီး အဆင့်မြင့်လာတဲ့အခါမှာတော့ နှလုံးသားရဲ့ အေးငြိမ်းမှုကို ရရှိခံစားနိုင်မည်ဖြစ်ကာ မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ပေါက်မြောက်သွားနိုင်မှာ ဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ တရားတော်များမှာ နာယူမှတ်သားခဲ့ဖူးပါတယ်။

ဒီနေရာမှာ စကားဆိုတာ တစ်ဦးတစ်ယောက်က အကြောင်းအရာတစ်ခုခုရဲ့ ဆိုလိုရင်းကို တစ်ဖက်သား သိရှိနားလည်သွားစေရန် ဆက်သွယ်လုပ်ဆောင်လိုက်တာ (Communication) ပဲ ဖြစ်ပါတယ်။ Communication တစ်ခုရဲ့ လုပ်ငန်းစဉ် (Process) မှာ တစ်ဦးတစ်ယောက်က သူ့ရဲ့စိတ်ကူး (Idea) ဒါမှမဟုတ်ရင် အတွေး (Thought) တစ်ခုကို သင်္ကေတ ပြုလုပ်ပြီး (Encoding) အခြားတစ်ဦးဦးဆီသို့ ပို့ဆောင်မှု (Transmission) ပြုလုပ်လိုက်တာ ဖြစ်ပါတယ်။ ဒါကို လက်ခံရရှိတဲ့သူက ဆိုလိုရင်းအပေါ် အဓိပ္ပာယ်ဖွင့် (Decoding) ပြုလုပ်လိုက်ပြီး ဆိုလိုရင်းအတိုင်း နားလည်လက်ခံကြောင်း ပြန်လည်ပေးပို့ဆက်သွယ်မှု (Feedback) ပြုလိုက်တဲ့အချိန်ရောက်မှ အဲဒီဆက်သွယ်မှုလုပ်ငန်းစဉ်တစ်ခု ပြီးမြောက်သွားပါတော့တယ်။

### နှုတ်ဖြင့်မဟုတ်သော ဆက်သွယ်ဆက်ဆံပြောဆိုမှု

ဒါကြောင့် ပြောဆိုဆက်သွယ်ဆက်ဆံရေးမှာ နှုတ်ကိုအသုံးပြုတဲ့ (Verbal Communication) သာ မဟုတ်တော့ဘဲ နှုတ်ဖြင့်မဟုတ်သော ဆက်သွယ်ဆက်ဆံပြောဆိုမှု (Non Verbal Communication) နည်းလမ်းတွေဖြစ်တဲ့ SMS, Mail, Message စတဲ့ စာတိုစာရှည်တွေပေးပို့တာ၊ စိတ်ခံစားမှုကို ဖော်ပြပေးနိုင်တဲ့ ရုပ်ပုံလေးတွေ Emoji and Sticker လေးတွေ ပေးပို့တာနဲ့ ခေါင်းညိတ်၊ ခေါင်းခါပြခြင်း အပါအဝင် ခန္ဓာကိုယ်ဘာသာစကား (Body Language) လည်း ပါဝင်လာပါတယ်။

> ❍ **ပြောဆိုဆက်သွယ်ဆက်ဆံရေးမှာ နှုတ်ကိုအသုံးပြုတဲ့ (Verbal Communication) သာ မဟုတ်တော့ဘဲ နှုတ်ဖြင့်မဟုတ်သော ဆက်သွယ်ဆက်ဆံပြောဆိုမှု (Non Verbal Communication) နည်းလမ်းတွေဖြစ်တဲ့ SMS, Mail, Message စတဲ့ စာတိုစာရှည်တွေပေးပို့တာ၊ စိတ်ခံစားမှုကို ဖော်ပြပေးနိုင်တဲ့ ရုပ်ပုံလေးတွေ Emoji and Sticker လေးတွေပေးပို့တာနဲ့ ခေါင်းညိတ်၊ ခေါင်းခါပြခြင်း အပါအဝင် ခန္ဓာကိုယ်ဘာသာစကား (Body Language) လည်း ပါဝင်လာပါတယ်**
>
> ❍ **ဒါနဲ့ ပတ်သက်လို့ နိုင်ငံအများစုမှာ လက်ခံမှုကို ခေါင်းညိတ်ခြင်းဖြင့် ပြသလေ့ရှိပေမယ့် အိန္ဒိယနိုင်ငံသားတွေကတော့ ခေါင်းလေးတစ်ခါခါနဲ့ သဘောတူကြောင်းကို feedback လုပ်လေ့ရှိပါတယ်**

ဒါနဲ့ ပတ်သက်လို့ နိုင်ငံအများစုမှာ လက်ခံမှုကို ခေါင်းညိတ်ခြင်းဖြင့် ပြသလေ့ရှိပေမယ့် အိန္ဒိယနိုင်ငံသားတွေကတော့ ခေါင်းလေးတစ်ခါခါနဲ့ သဘောတူကြောင်းကို feedback လုပ်လေ့ရှိပါတယ်။ ဒါ့အပြင် ကိုယ်နေဟန်ထား (Posture)၊ လက်ဟန်ခြေဟန် အမူအရာ (Gesture)၊ အသံအနိမ့်အမြင့်နဲ့ အတိုးအကျယ် (Tone and Volume of Voice)၊ မျက်နှာပုံပန်းဖော်ပြမှု (Facial Expre–ssion)၊ မျက်လုံးချင်းထိတွေ့မှု (Eye Contact)၊ ခေါင်းကို ဘယ်လိုအနေအထားမျိုးမှာ ထားရှိလဲ (Way of holding head)၊ ထိတွေ့မှု (Touching) စတဲ့နည်းလမ်းများကို အသုံးပြုပြီး သူ့ရင်တွင်းမှာ ရှိတဲ့ စိတ်ခံစားမှုအခြေအနေနဲ့ လိုအင်ကို တစ်ဖက်သား သိရှိသဘောပေါက်စေရန် ပေးပို့နိုင်ကြောင်း လေ့လာမှတ်သားဖူးပါတယ်။

### သမ္မာဝါစာဖြစ်အောင် ပြောဆိုပြုမူ ဆက်ဆံနိုင်ရေး

အဲဒီလိုနည်းလမ်းမျိုးနဲ့သာမက ဝတ်စားဆင်ယင်မှု (Dressing) ကို အသုံးချပြီး သူ့ရင်ထဲမှ ခံစားမှုကို ဖော်ထုတ်ပြသခြင်းမျိုးလည်းရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က အမျိုးသမီးကြီးတစ်ဦးဟာ မင်္ဂလာပွဲတက်ရတော့မယ်ဆိုရင် သတို့သားနဲ့ သတို့သမီး နှစ်ဖက်လုံးဟာ သူနဲ့ အဆင့်အတန်းတူတယ်လို့ ယူဆမှသာ ချိတ်လုံချည် ဝတ်ဆင်လေ့ရှိတာကြောင့် မင်္ဂလာပွဲရှင်များဟာ သူဘာဝတ်လာမလဲဆိုတဲ့အပေါ် ရင်တထိတ်ထိတ် ဖြစ်ခဲ့ရဖူးပါတယ်။ အခမ်းအနားတွေမှာ ခုံနေရာ သတ်မှတ်နေရာချထားမှု (Seating Plan) ဖြင့်လည်း ပေးပို့လိုတဲ့ သတင်းစကားကို တစ်ဖက်သား နားလည်သဘောပေါက်သွားစေရန် ဖော်ပြနိုင်စွမ်း ရှိတာနဲ့အညီ မိမိကိုယ်တိုင်နဲ့ တစ်ဖက်သားအတွက် အကျိုးရှိစေသော ကုသိုလ်တရားဖြစ်စေရေးအတွက် သမ္မာဝါစာဖြစ်အောင် ပြောဆိုပြုမူ ဆက်ဆံနိုင်ရေးဟာ လွန်စွာအရေးကြီးလှပါတယ်။

ယနေ့ခေတ်မှာဆိုရင် တစ်နေ့ထက်တစ်နေ့ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာနေမှုကြောင့် အင်တာနက်အသုံးချ ပစ္စည်းကိရိယာများ (Internet of Things–IoTs) ဟာ လူမှုပတ်ဝန်းကျင်မှာ ထိုးဖောက်ပျံ့နှံ့လျက်ရှိပါတယ်။ စမတ်ဖုန်းကဲ့သို့သော ဆက်သွယ်ပြောဆိုရာမှာ အသုံးချနိုင်တဲ့ ပစ္စည်းများကို လက်လှမ်းမီစွာ ဝယ်ယူသုံးစွဲနိုင်သလို ဖေ့စ်ဘွတ်ကဲ့သို့သော လူမှုကွန်ရက်တွေ၊ Viber တို့၊ Mess–enger တို့လို ချက်ချင်းသတင်း ဆက်သွယ်ဆက်ဆံမှု ပြုလုပ်နိုင်တဲ့ အက်ပလီကေးရှင်း ဆော့ဖ်ဝဲတွေကနေ အချင်းချင်းဆက်သွယ်ပြောဆိုမှုမျိုးကိုသာမက သတင်းစကားပေးပို့ ဖြန့်ဖြူးခြင်းတွေကို လွယ်ကူလျင်မြန်စွာ ပြုလုပ်လာနိုင်ကြပါတယ်။

အဲဒီလို လုပ်ဆောင်ချိန်မှာ ဝစီကံဒုစရိုက်တွေဖြစ်တဲ့ လိမ်ညာပြောဆိုတာတွေ၊ ချောပစ် ကုန်းတိုက်တာတွေ၊ ကြမ်းတမ်းတဲ့စကားတွေနဲ့ သိမ်ဖျင်းတဲ့စကားတွေကိုသာမက အမုန်းစကားတွေကိုပါ ဆက်သွယ်ပြောဆိုမှုပြုနေသူ နှစ်ယောက်အကြားတွင်သာ မဟုတ်တော့ဘဲ အုပ်စုတွေဖွဲ့ပြီး လုပ်ဆောင်နေကြတာဟာ ကုသိုလ်ဖြစ်ထွန်းတိုးပွားစေတဲ့ သမ္မာဝါစာမဂ္ဂင် တရားတော်နဲ့ သွေဖည်လမ်းလွဲကာ အကုသိုလ်တရားတွေကို စုဆောင်းရယူနေသလိုဖြစ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

*စာမျက်နှာ ၁၆ မှ*

တိရစ္ဆာန်ချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်လည်း များစွာအထောက်အကူ ပြုနိုင်ပါသည်။ သို့ရာတွင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးမြေဆီလွှာများတွင် သဘာဝမြေဩဇာအဖြစ် အသုံးပြုရာတွင် စနစ်တကျအသုံးပြုရန်နှင့် ကောင်းစွာဆွေးမြည့်ပြီးမှသာ အသုံးပြုရန် လိုအပ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနသည် လယ်ယာထွက်သီးနှံ အကြွင်းကျန်များ၊ နွားချေးများကို သဘာဝမြေဩဇာအဖြစ် စနစ်တကျပြုလုပ်သုံးစွဲနိုင်ရေး၊ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း၊ ဓာတ်မြေဩဇာများကို စနစ်တကျ၊ အချိန်ကိုက်၊ အချိုးညီအသုံးပြုနိုင်ရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပညာပေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝမြေဩဇာများသည် လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူရရှိနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ခြင်း၊ မြေဆီလွှာအတွက် မြေဆီဩဇာဓာတ်ကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း၊ မြေဆီဩဇာ ထက်သန်ခြင်းနှင့် သီးနှံများအထွက်နှုန်း တိုးတက်စေရုံသာမက သီးနှံအရည်အသွေးပါ တိုးတက်စေခြင်းတို့ကြောင့် တောင်သူဦးကြီးတို့ဘဝ မြင့်မားစေဖို့ သဘာဝမြေဩဇာကို ပိုမိုသုံးစွဲသင့်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၁ သန်း ဆောင်ရွက်နိုင်



မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၅-၃-၂၀၂၃ ရက်နေ့တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း ၉၀၆ ဒသမ ၇၅၂ တန်၊ ကြက်သွန်နီ ၅၃၈ ဒသမ ၅ တန်၊ သခွားမွှေး ၆၂၂ တန်၊ ပဲကြီး ၁၀၃ ဒသမ ၅ တန်၊ စွန်တာနီ ၁၃၇ ဒသမ ၅ တန်၊ ငါးရှဉ့် ၂၆ ဒသမ ၉၆ တန်၊ မြေထောက်ပဲ ၇၀ တန်၊ ဝါဂွမ်း ၅၁ ဒသမ ၁ တန်၊ ဖရဲသီး ၈၁၉ ဒသမ ၂ တန်နှင့် အလူမီနီယံသတ္တု ၃၄ ဒသမ ၄၁ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆိုလာပြား၊ လိမ္မော်သီး၊ နှစ်ဘီးတပ် လယ်ထွန်စက် (အင်ဂျင်မပါ)၊ အဝတ်လျှော်စက်၊ ပလတ်စတစ်အလိပ်၊ ပိတ်လိပ်၊ အသီးထည့်သည့် စက္ကူအိတ်၊ ကြွေပြား၊ ကြမ်းခင်းကော်ဇောလိပ်နှင့် တံခါးပတ္တာတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ် ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၃ ဒသမ ၃၄၅ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄ ဒသမ ၅၆၅ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၇ ဒသမ ၉၁၀ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၅ ဒသမ ၁၄၄ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ဝါများ ဈေးကောင်းရ

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ ဝါ စတင်ထွက်ရှိချိန်က ဝါအရည်အသွေးကောင်းပါကတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၊ ဝါအရည်အသွေးနိမ့်လျှင် ငွေကျပ် ၂၁၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့သော်လည်း တောင်သူများအနေဖြင့် စိုက်စရိတ်များ တွက်ခြေကိုက်ရေးအတွက် တောင်သူအနည်းငယ်သာ ဝါစက်များသို့ လာရောက်ရောင်းချကြောင်း၊ ဝါသီးနှံအထွက်လှိုင်ချိန်တွင် တောင်သူများအနေဖြင့် ဝါတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀-၂၉၀၀၊ ဝါဂွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀ ဖြင့် ဈေးရရှိခဲ့သည်။



ယခုနှစ် ဖေဖော်ဝါရီ လလယ်ပိုင်းတွင် ချည်မျှင်ရှည်ဝါများ အကုန်ရိတ်သိမ်းပြီးဖြစ်၍ ဈေးကွက်တွင် ဝါကြီးများသာ ရှိတော့ကြောင်း၊ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ဝါသီးနှံ လက်ကျန်နည်းလာခြင်း၊ အဝယ်လိုက်လာခြင်းတို့ကြောင့် ဝါ တစ်ပိဿာလျှင် ငွေကျပ် ၃၁၅၀ ဖြင့် တောင်သူများ ဈေးကောင်းရနေပြီး မန္တလေးနှင့် မူဆယ်တို့တွင် ဈေးကွက်ဝယ်လိုအား များသောကြောင့် ဝါဂွမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ရရှိပြီး ဝါစေ့ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀ ဖြင့်သာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း သတင်းရရှိသည်။

DOCA(ပဲခူး)

## ယခုအပတ်အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်နှင့် စက်မှုကုန်ချောပစ္စည်းများ ပိုမိုတင်ပို့

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ဒေသမှတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် ရခိုင်ပြည်နယ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ၊ တက္ကနဖ်မြို့သို့ ကုန်စည်များ တင်ပို့၊ တင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။

မတ်လ ပထမသီတင်းပတ်အတွင်း မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ဖြစ်သည့် ငါးမြစ်ချင်း ၄၅ တန်ခန့်၊ စက်မှုကုန်ချောပစ္စည်းများဖြစ်သည့် တံမြက်စည်းကြမ်း ငါးတန်နှင့် ဆီးယိုထုပ် ၅၁ တန် တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုသီတင်းပတ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ ချင်းအစို၊ အုန်းသီးနှင့် စစ်တုံ့ဥတို့ တင်ပို့နိုင်ခဲ့ပြီး ယခုသီတင်းပတ် ငွေလဲနှုန်းမှာ တစ်တာကာလျှင် ၂၄ ဒသမ ၆၀ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

## တမူးမြို့ နယ်စပ်တွင် ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့် ကုန်ဈေးနှုန်းအခြေအနေ

တမူးကုန်သွယ်ရေးစခန်း၏ မတ် ၁ ရက်မှ ၅ ရက်အထိ ကုန်သွယ်မှု အခြေအနေမှာ ပို့ကုန်အနေဖြင့် စီးကရက် ၆၁ ဒသမ ၃၁၂ တန် တင်ပို့ခဲ့သည်။ သွင်းကုန်အနေဖြင့် ခာတ်မြေဩဇာ တန်ချိန် ၃၀၀ တင်သွင်းခဲ့သည်။

မတ် ၆ ရက် ပြင်ပငွေလဲနှုန်းမှာ ၁ ဒေါ်လာ ၂၈၂၆ ကျပ်၊ တစ်ဒေါ်လာ ၈၈ ဒသမ ၃၀ ရူပီး၊ တစ်ရူပီး ၃၂ ကျပ်၊ ၁၀၀ ကျပ် ၃ ဒသမ ၁၃ ရူပီး ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

တမူးမြို့၏ အခြေခံစားသုံးကုန်ဈေးနှုန်းများမှာ ဧည့်မထဆန် တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀၊ ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ၁၀၉၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ဖြစ်သည်။

ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀၊ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခုအပတ်တွင်ပို့ကုန်ပိုမိုခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်အနေဖြင့် ယခုသီတင်းပတ်တွင် လိမ္မော်သီး ၁၅၈ ဒသမ ၄ တန်၊ လက်ဖက်ခြောက် ၅၈ ဒသမ ၁၂၅ တန်၊ ပလတ်စတစ်ဘူးခွံဟောင်း ၁၂ တန်၊ တံမြက်စည်း ၃၃ တန်၊ ပုစွန်ဖွဲ ၁၁၈ တန်နှင့် ပြောင်း ၆၉၀ ဒသမ ၅၉ တန် တင်ပို့ခဲ့သောကြောင့် ပို့ကုန်ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

တာချီလိတ်ဒေသသို့ ထိုင်းနိုင်ငံ (မယ်ဆိုင်) မှ သွင်းကုန်အနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေ၊ စက်နှင့် စက်ပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့်ကျွတ်များ၊ သတ္တုကုန်ကြမ်းများ၊ ဆေးဝါးများ၊ သံနှင့် သံမဏိပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ တင်သွင်းလျက်ရှိသည်။ ကုန်သွယ်မှုပြည့်မီစေရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းဈေးကွက် လိုအပ်ချက်ရှိသော သွင်းကုန်ပစ္စည်းများ မှန်ကန်စွာတင်သွင်းနိုင်ရေးအတွက် One Stop Service (OSS) အဖွဲ့ဝင်များနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြင်ပငွေလဲနှုန်းအနေဖြင့် မြန်မာကျပ်ငွေ တစ်သိန်းလျှင် ၁၂၀၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာကျပ်ငွေ ၈၃ ကျပ်ခန့် ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

## ရွှေဘိုဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲစင်းငုံ

ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်တွင် ဒီဇင်ဘာလနောက်ဆုံးပတ်မှ စတင်၍ ပဲစင်းငုံများ စတင်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စတုတ္ထပတ်၌ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၆၆၀၀၀ ဖြင့် တစ်ရက်လျှင် တင်း ၁၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀၀/ ၂၉၄ တန်ဖြစ်ကြောင်း ဈေးနှုန်းနှိုင်းယှဉ်ပါက ယခင်အပတ် ပေါက်ဈေးမှာ ငွေကျပ် ၆၅၆၀၀ ရှိခဲ့သဖြင့် ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၄၀၀ ပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

DOCA(စစ်ကိုင်း)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၃-၂၀၂၃ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ခန္ဓသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ARSA အကြမ်းဖက်အဖွဲ့ရဲ့လုပ်ရပ် |
| ၀၉:၃၀ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၅ | Sports Diary |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ကြည်နူးဖွယ်အက......မနောမြေအလှ |
| ၁၁:၁၀ | Beasts of Asia (Indonesia) |
| ၁၁:၃၀ | ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ(စိတ်ကြိုက်မြန်မာစာဘာသာရပ်) |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ "ပိန်းကြာပတ်၌တင်သောရေ" (အပိုင်း-၁၆) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း" (အပိုင်း-၇၃) |
| ၁၆:၃၅ | ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ |
| ၁၇:၁၅ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၄၅ | တပေါင်းသာခေါင် လများနောင် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း" (အပိုင်း-၇၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၁၅ | (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း "ကြယ်နှင့်အတူ" (အပိုင်း-၆) |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း" (အပိုင်း-၁၅) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal) |
| 07:08 | Alms Bowl |
| 07:28 | Mulberry Art Painting: Muu Muu |
| 07:44 | Gardener: King Orange Plantation |
| 08:01 | News |
| 08:26 | Handmade Artisan Ye`Linn Oo |
| 08:42 | The History Of Mrauk U Pagoda |
| 09:01 | Talk & Discussion: All about Weight Loss |
| 09:43 | Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit |
| 09:52 | Myanma Toddy Palm, A Source of Rural Income |
| 09:55 | Myanmar Traditional Snacks: Myanmar Doughnut |
| 10:01 | News |
| 10:26 | Myanmar Delicate Artistic Handy Creations - Lacquer Ware Making |
| 10:51 | Traditional Snacks |
| 11:01 | Porcelain and Glass |

### MRTV NRC

**ချင်း (လိုင်ဇိုး) (၆:၀၀) မှ (၇:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ(အပိုင်း-၅၀)

**ချင်း (ဒိုး) (၇:၀၀) မှ (၈:၀၀)**
လေးမြားပြုလုပ်ခြင်း

**မွန် (၈:၀၀) မှ (၁၀:၀၀)**
ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်ကန်း

**ရခိုင် (၁၀:၀၀) မှ (၁၂:၀၀)**
သျှစ်သောင်းပုထိုးတော်ကြီး

**ရှမ်း (၁၂:၀၀) မှ (၁၄:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (ရှေးခေတ်ရှမ်း၊ ရှမ်းကြီး၊ တိုင်းနောင်၊ တိုင်းလိုင်း)

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ပိုးမွေးမြူရေးအကြောင်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကေါကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အလှဖြာဝေဖားစည်မြေ

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | ECONOMIC REVIEW (Part-23) (Ponziနှင့်အခြားလိမ်လည်မှုများကိုဘယ်လိုရှောင်မလဲ) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | မြန်မာ့ပထမဆုံး MG EV Charging Station (နေပြည်တော်) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ငွေပေးငွေးချယ်မှု" |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | "အတွေးအမြင်" (အပိုင်း-၃) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၀၆:၄၅ | ဝါသီးနှံသုတေသနမှသည်လုပ်ပေသောအနာဂတ်များဆီ |
| ၀၇:၀၀ | ဒေသဝမ်းစာဖူလုံရေးမှသည်လူမှုဘဝဖွံ့ဖြိုးရေးဆီ |
| ၀၇:၂၀ | စပါးသီးနှံသုတေသနဗဟိုဌာန၏သုတေသနခရီးစဉ် |
| ၀၈:၀၀ | တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့်ဘဝရှင်သန်ခြင်း |
| ၀၉:၄၀ | ပိုးစာစိုက်တဲ့မြေ ပိုးထည်ဝတ်တဲ့ပြည် |
| ၀၉:၀၀ | မိုးနှင့်နည်းပညာများမြှင့်တင်ရာမြစ်သားစိုက်/သုံးမှာ |
| ၀၉:၄၅ | အင်းလေးဒေသဖွံ့ဖြိုးရန်ပိုင်းဝန်းကူညီ GAP နည်းစနစ်များဖြင့်ကျွန်းမျှော့ခရမ်းချဉ်စိုက်ကြမည် |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂၄)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

ရန်ကုန် မတ် ၆



နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၃နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့်ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားသည်။ အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ရန်ကုန်တိုင်း တရားလွှတ်တော်၊ ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေး အရာရှိများ စုစုပေါင်း၂၄၄ဦး တက်ရောက်ကြကြောင်း သိရသည်။

**အာကာလင်း**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၃ - ၂၀၂၃

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၈၅၄၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၈၆၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၅၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၅၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၄၅ ကျပ် | ၂၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၂၅ ကျပ် | ၂၃၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၄၅ ကျပ် | ၂၁၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၁၅ ကျပ် | ၂၂၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၃၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၆၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၈၁၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၄၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၈ . ၉၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၀၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၂၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၂၀၀ | ၈၀ | ၆၆၃၈၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၂၄၅၈ | ၇၈၂၉၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၁၈၄၄ | ၃၀၄၃၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၀ | ၃၄၃၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၀၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သာပေါင်းမြို့နယ် အကျော်ဇေယျပသဃထစေတီတော်မြတ်ကြီး ဌာပနာပိတ်ပွဲနှင့် ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကျင်းပ

သာပေါင်း မတ် ၆

**ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု ဘုရားကြီးကျေးရွာရှိ အကျော်ဇေယျပသဃထစေတီတော်မြတ်ကြီး ဌာပနာပိတ်ပွဲ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ အသစ်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မတ် ၄ ရက် နံနက်ပိုင်းက မြောက်ဘက်စောင်းတန်းမွှာရုံ စေတီတော်မြတ်ကြီးတွင် ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် မိသားစု၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်မိသားစု၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် မိသားစုများ၊ အလှူရှင် သီရိပျံချီဦးဌေးဦးနှင့် မိသားစု၊ ဘုရားဖူးပြည်သူများက "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိသုတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) မဟာထေရ်မြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညို၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလှူရှင်မိသားစုက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုများအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များမှ ဦးဆောင်၍ ဘုရားဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံ အဆင့်ဆင့်များသို့ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ လျက်ပင့်ဆောင်ကာ လက်ယာရစ် လှည့်လည် အပူဇော်ခံပြီး ပန်းရထားဖြင့် စေတီတော်အထွတ်တင်လှူပူဇော်ကြကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**





# ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အောင်မြင်စွာ ကျင်းပပြီးစီး

**ဟိုင်းကြီးကျွန်း မတ် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ ရက် (တပေါင်းလဆန်း ၁ ရက်နေ့) တွင် ဖွင့်ပွဲအခမ်းအနားဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြား၍ နေ့စဉ်ဘုရားဖူးဧည့်သည် ၂၀၀၀ ကျော် လာရောက်ဖူးမြော်ကြကာ အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးဧည့်သည်များ ပိုမိုများပြားစွာ လာရောက်ဖူးမြော်ကြကြောင်းနှင့် ယခင်နှစ်များထက် ပိုမိုစည်ကားကြောင်း သိရသည်။

**ရေလမ်း၊ ကုန်းလမ်းမှ လာရောက်ဖူးမြော်**

ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး သည် မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်ဖြင့် တည်ထားသော ဘုရားတစ်ဆူဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ ဘုရားဖူးဧည့်သည်များသည် လမ်းခရီးဝေးသော်လည်း ရေလမ်းမှ သင်္ဘောများဖြင့် လည်းကောင်း၊ ကုန်းလမ်းမှ မော်တော်ကားများဖြင့်လည်းကောင်း လာရောက်ဖူးမြော်ကြပြီး ဥပုသ်သတင်းသီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များပြုလုပ်ခြင်း၊ ပရိတ်/ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ နဂါးစာကျွေးခြင်းတို့ကို ပြုလုပ်ကြကြောင်း သိရသည်။

ယခုနှစ်တွင် ဘုရားပွဲတော်ကို ၁၅ ရက်ကြာကျင်းပခဲ့ပြီး ပွဲတော်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းသံဃာ ၁၀၃၆ ပါး၊ သီလရှင် ၄၂၅ ပါးနှင့် ခရီးသွားဧည့်သည် ၅၁၉၂၇ ဦး လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တိုးချဲ့ခြင်းလုပ်ငန်း အပိုင်း(၁)ကို ဘုရားပွဲတော်ကာလမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများ ဘုရားရင်ပြင်တော်ပေါ်တွင် စိတ်အေးချမ်းစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ခဲ့ပြီး ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းနှင့် မဟာရံတံတိုင်း တည်ဆောက်ခြင်းတို့အတွက် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ခဲ့ကြကြောင်း သိရသည်။

**စုပေါင်းသန့်ရှင်းရေး ကုသိုလ်ယူ**

ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ပိတ်ပွဲအခမ်းအနားကို မတ် ၅ ရက် (တပေါင်းလပြည့်နေ့)တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး မတ် ၆ ရက်တွင် ဘုရားရင်ပြင်တော်နှင့် ပတ်ဝန်းကျင်နေရာများ၊ ဘုရားပွဲဈေးတန်းပြုလုပ်ရာနေရာများတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးပြုလုပ်ကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့၌ ဝန်ထမ်းပေါင်းစုံ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကား

**တနင်္သာရီ မတ် ၆**



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီး ကျောင်းတိုက်များမှ သံဃာတော်နှင့် သာသနာ့နွယ်ဝင် သီလရှင်များ ဆွမ်းနှင့်စားရေရိက္ခာများ အထောက်အပံ့ဖြစ်စေရေးအတွက် စုပေါင်းဆွမ်းဆန် စိမ်းလောင်းလှူပွဲကို ၁၃၈၄ ခုနှစ် တပေါင်းလပြည့်နေ့ မတ် ၅ ရက် မွန်းလွဲပိုင်းက ချောင်းကြီးရပ်ကွက် - ကျန်းမာရေးလမ်းရှိ ရှင်မအောင်သာ ကျောက်တိုင်အနီး စည်ကားစွာကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကိုလတ်၏ ညွှန်ကြားမှုဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ပရိယတ္တိစာသင်တိုက်(အပါအဝင်) ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းနှင့် ဘိုးဘွားရိပ်သာ ကျောင်းတစ်ကျောင်း စုစုပေါင်းရှစ်ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ စုစုပေါင်း ၈၅ ပါးတို့အား တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်အတွင်းမှ စေတနာရှင်/အလှူရှင်များ၊ မိဘပြည်သူများက ဆန်၊ ဆီ၊ ဆေး၊ ဆား စသည့် ဆွမ်းဆန်စိမ်းနှင့် သံဃာ့အသုံးအဆောင်များကို စေတနာအလျောက် ဆက်ကပ်လောင်းလှူကြသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၆**

ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးများကို အစဉ်အောက်မေ့ သတိရနေစေရန်အတွက် (တပေါင်းလပြည့်နေ့) မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) က ကြီးမှူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တိုင်းတာဝန်ခံ ဆရာကြီး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးပေါ်ညိမ်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

"၁၉၆၀ ပြည့်နှစ် မတ် ၁၁ ရက်မှာ မန္တလေးကစတင်ပြီးတော့ သမားတော်နေ့ အခမ်းအနားကို နှစ်စဉ် ကျင်းပခဲ့ပါတယ်။ ရှေးသမားတော်ကြီးတွေရဲ့ ကျေးဇူးတရားကို မမေ့တဲ့၊ ဂုဏ်ပြုတဲ့ပွဲလည်းဖြစ်သလို တိုင်းရင်းဆေးလောကမှာ အထွတ်အမြတ်ထားရတဲ့ နေ့တစ်နေ့လည်း ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းတာဝန်ခံ ဆရာကြီး ဦးခင်မောင်ဝင်းက ပြောကြားသည်။



ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဆရာကြီး ဦးစိုးတင့်က အခမ်းအနားကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) တိုင်းဦးစီးဌာနမှူး ဆရာဦးတင့်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သက်တော်ရှည်သမားတော်ကြီးများအား ပူဇော်ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ပူဇော်ကန်တော့ကြရာ ကန်တော့ခံသမားတော်ကြီးများကိုယ်စား သမားတော်ကြီး ဆရာကြီးဦးညာဏ်လွင်က သြဝါဒစကားပြောကြားသည်။

**ကိုထက်**

# မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ သီလရှင်ဆေးကုသဆောင်ဖွင့်

**မော်လမြိုင် မတ် ၆**

မော်လမြိုင်မြို့ မေတ္တာစွမ်းရည် ဒေါ်လန်း သီလရှင်တိုက် ဒေါ်ကရုဏာဝတီ က ဦးဆောင်၍ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးအတွက် ဆောက်လုပ်လှူဒါန်းသော (၂၁) ခုတင်ဆံ့ သီလရှင်ဆေးကုသဆောင်ကို မတ် ၅ ရက်က စတင်ဖွင့်လှစ်သည်။

ပြည်သူ့ဆေးရုံကြီးအတွက် ဆောက်လုပ်လှူဒါန်းသော သီလရှင် ဆေးကုသဆောင်ကို မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ ဒေါ်လန်း သီလရှင်တိုက် ဒေါ်ကရုဏာဝတီနှင့် အလှူရှင်တစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ဆေးကုသဆောင်အတွက် လှူဒါန်းသည့် သီလရှင်ဆေးကုသဆောင် နှင့်ပတ်သက်သည့် တည်ဆောက်ရေးမှတ်တမ်းနှင့် ပရိဘောဂစာရင်းများကို သီလရှင် ဒေါ်ကရုဏာဝတီက ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ နန္ဒဝင်းက လက်ခံရယူပြီး ဒေါ်ကရုဏာဝတီက အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ သီလရှင်ဆေးကုသဆောင်ကို ဆရာကြီး ဒေါ်ကရုဏာဝတီက ဦးဆောင်၍ အလှူရှင်များက စုပေါင်း အလှူငွေ ကျပ်သိန်းပေါင်း ၁၁၆၈၅၀၀၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**





# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များတင်သွင်းရောက်ရှိ

**နေပြည်တော် မတ် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60KW ငါးစုံသည် ယနေ့တွင် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**

# ဆန်စပါး ဥပဒေ(မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၆**

ပြည်တွင်းတွင် ဆန်စပါးကဏ္ဍနှင့် စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံစေရေး၊ ပြည်ပသို့ ဆန်တင်ပို့သည့် လုပ်ငန်းဆောင်တာများ စနစ်တကျ ဖြစ်စေရေးတို့အတွက် ဆန်စပါးဥပဒေ(မူကြမ်း) ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

"ဆန်စပါးဥပဒေ (မူကြမ်း) ဖြစ်တဲ့အတွက် အဓိကအားဖြင့် ပြည်တွင်း စားနပ်ရိက္ခာဖူလုံဖို့၊ နောက်တစ်ခါ ပြည်ပတင်ပို့တဲ့ လုပ်ငန်းတွေမှာ စနစ်တကျ ဆောင်ရွက်နိုင်ဖို့ ဥပဒေ(မူကြမ်း) ကို ရေးဆွဲပြီးတော့ သက်ဆိုင်တဲ့ ဆန်စပါးလုပ်ငန်းမှာရှိတဲ့ စက်ပိုင်တွေ၊ ကုန်သည်တွေ၊ ကုမ္ပဏီတွေ၊ ပညာရှင်တွေနဲ့ ချပြဆွေးနွေးတာ ဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းတဲ့ အဆင့်ကတော့ အဝေးကြီးလိုပါသေးတယ်။ ဥပဒေမူကြမ်းတစ်ခုကို ဆွေးနွေးခြင်းဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင် က ပြောသည်။

အဆိုပါ ဆန်စပါး ဥပဒေ (မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ စီးပွားရေးရာ ဝန်ကြီး ဦးမျိုးမြင့်အောင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်ဝင်းအောင် တို့က ဥပဒေမူကြမ်းအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများက ဥပဒေ(မူကြမ်း) နှင့် စပ်လျဉ်း၍ အကြံပြုတင်ပြဆွေးနွေးကြောင်း သိရသည်။ **အာကာလင်း**




# မန်ယူကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် လီဗာပူးတိုက်စစ်ကစားသမား ဆာလာ စံချိန်မှတ်တမ်းတင်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ် (၂၆) မှ လီဗာပူးနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို မတ် ၅ ရက် ည ၁၁ နာရီ၌ အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက ခုနစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် လီဗာပူးအသင်းအား ခုနစ်ဂိုးပြတ် ရှုံးနိမ့်မှုမှာ အသင်းသမိုင်းတစ်လျှောက် ၁၉၃၁ ခုနှစ် ဒီဇင်ဘာလက ဝုဖ်အသင်းကို ရှုံးနိမ့်ပြီးနောက် ပထမဆုံးအကြိမ် ဖြစ်သည်။ ထို့အပြင် အဆိုပါ ရှုံးနိမ့်မှုသည် ပြီးခဲ့သည့် နွေရာသီက နည်းပြ တန်ဟတ် မန်ယူအသင်းကို ရောက်ရှိလာပြီးနောက် ဘရန့်ဖို့ဒ်အသင်းကို လေးဂိုးပြတ်၊ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို ခြောက်ဂိုး - သုံးဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် တတိယမြောက် ဂိုးအပြတ် ဆုံးရှုံးပွဲလည်း ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းသည် ပထမပိုင်းပွဲအချိန်အတွင်း အိမ်ရှင်လီဗာပူးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုနှင့်အတူ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် လီဗာပူးအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ရပြီး သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂတ်ပို၊ နူနက်ဇ်၊ ဆာလာနှင့် ဖာမီနိုတို့က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ဆာလာသည် လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုးအများဆုံး စံချိန်တင်ထားသော ရော်ဘီဖောင်လာ၏ ၁၂၈ ဂိုး စံချိန်ကို ကျော်ဖြတ်ကာ ၁၂၉ ဂိုးဖြင့် စံချိန်မှတ်တမ်းသစ် စိုက်ထူနိုင်ခဲ့သည်။ **အောင်ဇော်**

# နေ့အပူချိန်များအနည်းငယ် တိုးလာနိုင်

**နေပြည်တော် မတ် ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်း မည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။ **မိုး/ဇလ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄- က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နေ ဖြိုးသန္တာသိမ့်သည် ၎င်းအသုံးပြုသည့် "Phyo Thandar Theint" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီးရက်ကြီးများတွင်လည်း အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** ခေါင်းစဉ်ဖြင့် ပွဲစဉ်(၃)ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ စစ်သည်တေးသီချင်းဖျော်ဖြေမှု (Live Show) အစီအစဉ်ကို (၁၀-၃-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်။

(၁၀-၃-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ (၇၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် " ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ်(၃)ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဇာနည်စစ်သည် | ပြင်ပအဆိုရှင် |
| ၂။ | ကိုကိုစစ်သား ကျွန်မချစ်သူ | ဌာနအဆိုရှင် |
| ၃။ | စစ်သည်မောင်အတွက် ချစ်တေးလက်ဆောင် | ဌာနအဆိုရှင် |
| ၄။ | သူရဲကောင်းတို့နှလုံးသား | ပြင်ပအဆိုရှင် |
| ၅။ | ဂုဏ်ယူစွာချစ်နေမယ် | ဌာနအဆိုရှင် |
| ၆။ | ရတုအဆက်ဆက်သစ္စာတည် | ပြင်ပအဆိုရှင် |
| ၇။ | တောင်ပြာတန်းကပန်းလက်ဆောင် | "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၈။ | ကောင်းကင်ယံကမြန်မာစစ်သည် | "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" အဆိုရှင် |
| ၉။ | သီချင်းဆိုလို့အလွမ်းဖြေမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | အကြိုတော် | ဌာနအဆိုရှင် |
| ၁၁။ | ချစ်သောတပ်မတော် | ပြင်ပအဆိုရှင် |




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရိယာ ဝဒသမ ဝ၅၅ကေရှိ ဦးမျိုးသန့် ၉/ပမန(နိုင်)၁၁၀၉၉၆ (ဘ) ဦးကိုလေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၂၉၉၀)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၅၃/၂၀၂၂ (၁၇-၃-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ကေသွယ်ဝင်း ၁၂/သကတ(နိုင်)၁၁၂၈၉၃ (ဘ)ဦးအောင်ခင် မှ ဦးအောင်မြင့် ၉/လဝန(နိုင်)၁၃၃၇၂၅ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖြင့် ဆောင်ရွက်မည့်ပူးတွဲပါ ကျပ်သန်း ၂၀၀ အထက် တည်ဆောက်ရေးလုပ်ငန်း ၁ ခုအတွက် ကန့်သတ်မှုမရှိသော တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက် - ၇-၃-၂၀၂၃ရက်မှ ၂၀-၃-၂၀၂၃ရက်အထိ
(ခ) နေရာ - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့
(ဂ) တင်ဒါတင်သွင်း ရမည့်နောက်ဆုံးရက် - ၂၀-၃-၂၀၂၃ရက် ညနေ ၄နာရီ

၃။ အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၃-၂၃၆၃၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၅၈/လွယ်ခမ်းကျောင်းတောင်ရပ်)၊ ဦးပိုင်အမှတ်(၆၀-ခ)၊ မြေကွက်အမှတ်(60/180)၊ ဧရိယာ(ဝဒသမ၇၉၆)ကေရှိ မြေကွက်ကြီးသည် တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှတ်တွဲအမှတ်(၂၄၆/၂၀၁၈) နှစ်(၃၀)အရ ဒေါ်နန်းကျင် ၁၃/တကန(နိုင်) ၁၂၇၁၄၀အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ဖော်ပြပါ ဒေါ်နန်းကျင် အမည်ပေါက် မြေကွက်ကြီးအနက်မှ ခွဲစိတ်မြေကွက်တစ်ကွက်ဖြစ်သော ဦးပိုင်အမှတ်(၆၀-ဒ)၊ မြေကွက်အမှတ်(60/282)၊ ဧရိယာ(ဝဒသမ၂ ၇၅)ကေရှိ ခွဲစိတ်မြေကွက်အား ဒေါ်နန်းကျင်ထံမှ ဦးနေမင်းထိုက် ၁၂/လသန(နိုင်) ၀၁၉၁၃၇နှင့် ဒေါ်လွဲ့လွဲ့ခိုင် ၁၂/လသန(နိုင်) ၀၁၉၈၉၈ တို့က ၂၈-၁၂-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူအိမ်မြေဥပစာလွှဲပြောင်းရောင်းချခြင်းစာချုပ် ချုပ်ဆိုလျက် တန်ဖိုးငွေ အပြေအကြေပေးချေခဲ့ပြီး ရောင်းချသည့် အိမ်မြေနှင့်အဆိုပါအိမ်မြေနှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများကိုပါ လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ဦးနေမင်းထိုက်နှင့် ဒေါ်လွဲ့လွဲ့ခိုင်တို့အနေဖြင့် ဒေါ်နန်းကျင်နှင့်ချုပ်ဆိုခဲ့ သော ၂၈-၁၂-၂၀၂၂ရက်စွဲပါ နှစ်ဦးသဘောတူအိမ်မြေဥပစာလွှဲပြောင်းရောင်းချ ခြင်းစာချုပ်ကို တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆ ရေးကူးခြင်း၊ မြေငှားဂရန်လျှောက်ထားခြင်းများကို ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေမင်းထိုက်နှင့်ဒေါ်လွဲ့လွဲ့ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၆၀/၂၀၁၃)**
**အမှတ်(ည/၄၅)၊ ပတ္တမြားလမ်း၊ နယ်မြေ(၇)၊ ညောင်ဖြူစခန်းရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၈၃၃၂၅၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/42625 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက် ၇/တငန(နိုင်)၀၀၂၂၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/49197 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ထွန်း ၇/ရတရ(နိုင်) ၁၀၅၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/34450, Lonxuan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးအောင် ၁၄/မအပ(နိုင်)၂၀၆၀၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဒေါနခြံရပ်ကွက်၊ အုန်းတောရထားသံလမ်း၊ အမှတ်(၉၁)နေ ဒေါ်ဇင်မာဝင်း(ဘ)ဦးအောင်နိုင်စိုး ၇/ပမန(နိုင်)၁၃၇၉၇၅ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာဝင်း၏သားဖြစ်သူ မောင်ဗညားအောင် ၇/ပမန (နိုင်)၂၃၀၇၁၄ သည် မိခင်၏ပြောဆိုဆုံးမမှုများကို မနာခံဘဲ မိခင်ဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် ၁၆-၂-၂၀၂၃ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့ ဤကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်မောင်ဗညားအောင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်ဇင်မာဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွဲ့လွဲ့အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၄၄)**
**အမှတ်(၁၇၆၂)၊ တရုတ်စုရပ်၊ ဝါရုံလမ်း၊ ပြည်မြို့**
**ဖုန်း-၀၉ ၄၂၃၆၆၄၂၆၄**

**ရတနာသစ်တော ပြည့်သွေးကြောသစ်တောရတနာ ထိန်းသိမ်းပါ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲကျင်းပ

**သီပေါ မတ် ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌော စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ပဌာန်းကျမ်းမြတ်အား ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပေါ်ကြိုဘုရားကြီး မဟာသာသနာ့ဗိမာန်တော် ဓမ္မာရုံ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ မြို့နယ် သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်အား အမှူးထား၍ ဆရာတော် သံဃာတော်များက သာသနာသဿအစချီသော ဂါထာတော်ရွတ်ဆို၍ လည်းကောင်း၊ မဟာပဋ္ဌာန်းအောင် ဂါထာတော်ကို သာသနာ ၂၅၀၀ ကျောင်းတိုက်သစ် ဆရာတော် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလအရှင်သူမြတ်က လည်းကောင်း ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ရတနာတော်မြတ် သုံးပါးအား ပူဇော်ကန်တော့၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကျောက်မဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့် နှင့် အဖွဲ့ဝင်များက နဝကမ္မဝတ္ထုလှူဖွယ်ပစ္စည်း အစုစုတို့ကို ဆက်ကပ် လှူဒါန်းကာ မြရွှေဂူ ပရိယတ္တိစာသင်တိုက်ဆရာတော် သာသနဓဇ ဓမ္မစရိယ ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်က ပဋ္ဌာနအနုမောဒနာ ဂါထာတော်ကို ပူဇော်လျက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်ပွဲမင်္ဂလာကို ရုပ်သိမ်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မန္တလေး ရွှေစာရံဘုရားပွဲတော် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး မတ် ၆**

မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ ရွှေစာရံဘုရားကြီး၌ (၇၅) ကြိမ်မြောက် စိန်ရတုအထိမ်းအမှတ် သစ္စာအဓိဋ္ဌာန် ရွှေစာရံဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကာလဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြ၍ အထူးစည်ကားလျက်ရှိသည်ကို မတ် ၆ ရက်က တွေ့ရသည်။

ဘုရားဖူး လာရောက်သူများအနေဖြင့် လည်ပတ်စရာ ဈေးတန်းများအပြင် ဒုဋ္ဌဝတီမြစ်တွင် ရေကစားခြင်း **(အောက်ပုံ)**၊ အပျော်စီးစက်လှေစီးခြင်းတို့ကို ပြုလုပ်နိုင်ပြီး ဈေးတန်းတွင်လည်း မုန့်အမျိုးမျိုး၊ ရှမ်းပြည်ဒေသ ထွက်ကုန်များ ဖြစ်သည့် ဆေးဖက်ဝင် ပစ္စည်းများနှင့် ဒေသ အစားအစာများပါ ရောင်းချလျက် ရှိသည်။ ရွှေစာရံဟု ကြားလိုက်ပါက မပါမဖြစ် ထန်းရွက်ပုတီး၊ ထန်းလက်ငါး၊ ဝါးခွား၊ ဝါးလက်ခုပ်၊ ခမောက်၊ အလှလွယ်ပလိုင်း စသည့် လက်မှုပစ္စည်းများအပြင် အမှတ်တရ ပစ္စည်းများကို ရောင်းချလျက်ရှိပြီး ပွဲတော်ကာလတွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။ **ဇော်ဘီ**



## ဖခင်အမည်မှန်

သရက်ခရိုင်၊ မင်းတုန်းမြို့၊ အထက Grade-10(B)မှ မသက်ထားဆွေ၊ Grade-7(C)မှ မရွှေစင်အိ ၊Grade- 5(A)မှမမိုးသူဇာနှင့် Grade-2မှ မချစ်စနိုးဦးတို့၏ ဖခင်အမည်မှန်မှာ ဦးစိန်လင်းအောင် ၈/မတန(နိုင်) ၀၄၉၅၈၀ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကန်ကြီးထောင့်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည်(ပဒေါင်းပိုင်းအရှေ့)၊ ဦးပိုင်အမှတ်(၁၁၀-က)၊ မြေကွက်အမှတ်(၁၉၂)၊ ဧရိယာ(၀ဒသမ၀၆၃)ကေရှိ အရှေ့လားသော်-ဦးဘိုးမှင်(ဦးစိုးမြင့်နေထိုင်)၊ အနောက်လားသော်-ဦးဘိုးမှင်(ဦးသိန်းဦးနေထိုင်)၊ တောင်လားသော်-အစိုးရ၊ မြောက်လားသော်-မြို့လယ်လမ်း၊ မြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ဌေးဌေးဝင်း(ဘ)ဦးသန်းမြင့် ၁၄/ပသရ(နိုင်) ၀၇၃၄၉၅က လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ မတ်လ ၂၈ရက်မတိုင်မီ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤရုံးသို့ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ကန်ကြီးထောင့်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/6954, Toyota Harrier(MCU10) Station Wagon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သန်း ၁၀/မလမ(နိုင်)၀၁၂၄၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/59317 ယာဉ်အမည်ပေါက်သူ ဒေါ်မီနီသက် ၇/ရတရ(နိုင်) ၀၈၆၁၅၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/63138, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝေ ၉/မထလ(နိုင်)၁၁၄၂၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/ 78066 ယာဉ်လက်ဝယ်ရှိသူ မောင်စိန် ၇/ဖမန(နိုင်)၂၂၁၀၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးမောင်မောင်အေး ၁၂/ကမန(နိုင်)၀၁၇၀၆၄(ဘ) ဦးမောင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၄၃၁)ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၉၃၇/၂၀၂၂ (၁၅-၉-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်လှလှမိုး ၁၁/ကဖန(နိုင်)၁၀၅၄၅၆ (ဘ)ဦးမောင်လှသိန်းမှ ဒေါ်ကျော့ကျော့ခိုင်ရှိန် ၉/မထလ(နိုင်) ၁၇၆၇၄၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မကွေးတိုင်း ဒေသကြီး၊ မင်းတုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ချင်းကုန်းရပ်နေ မဇင်မာဝင်း၏ မိဘအမည်မှန်မှာ မောင်သောင်း ရွှေ ၈/မတန(နိုင်) ၀၄၆၇၇၂နှင့် မမယ်ရင် ၈/မတန(နိုင်) ၀၄၇၂၈၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၅)ပါ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေကွက်အမှတ်(ပ-၂၀၁၁၀)ကြော်ငြာတွင် ဒေါ်ခင်နီလာမွန် အစား ဒေါ်ခင်နီလာမောင် ဟုပြင်ဆင် ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် နေမျိုးအောင် ၁၂/ဗဟန(နိုင်) ၀၀၂၈၆၆ သည် SSA လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၈၂၃၈၈**

## ပျောက်ဆုံးကြောင်း

ဦးသန်းဇော်စိုး ၉/မခန(နိုင်) ၁၂၀၂၇၄ ပိုင်ဆိုင်သော COC Update သင်တန်းဆင်းအောင်လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၂၈၈၅၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၀၄၇)၊ မြေဧရိယာ ၀ဒသမ၁၄၆ ဧကရှိ ဦးမြင့်အောင်(ဘ)ဦးရွှေ ၉/မသန(နိုင်) ၀၂၃၆၃၇ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမြင့်အောင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် ၁၉၂၃/၂၀၂၁ (၈-၁၁-၂၀၂၁)ရရှိထားသူ ဦးခင်ဇော်ဦး(ခ)ခင်ဇော်(ဘ)ဦးရှိန် ၈/မတန(နိုင်)၀၃၈၀၅၂ မှ ဒေါ်သင်းသင်း(ဘ)ဦးတင်ညို ၈/မတန(နိုင်)၀၀၃၀၁၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၂၈၃)၊ ဧရိယာ(၀ဒသမ၀၈၂)ကေရှိ ဦးရဲကျော်သူ၊ ဒေါ်ခိုင်သန္တာဦးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးပြည့်ဖြိုးကျော်(ဘ)ဦးကျော်ဆွေ ၉/လဝန(နိုင်) ၂၁၃၉၇၈မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၉၃/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဇင်မာဦး(ဘ)ဦးဝင်းမောင် ၉/လဝန(နိုင်) ၁၈၂၅၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ Star Cityကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ သန်လျင်ရိပ်မွန်အိမ်ရာ၊ City Loft UNIT(T1)၊ တိုက်အမှတ်(A1)(CL-1)၊ အခန်းအမှတ်(၃၁၅)၊ (၃လွှာ)၊ ဧရိယာ(၄၈၄)စတုရန်းပေရှိကွန်ဒို တိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံ စားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်သူရစိုး ၁၂/လမတ(နိုင်) ၀၃၅၄၉၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးကျော်ဘိုဘိုစံ ၉/မထလ(နိုင်) ၂၅၆၇၀၆၊ ဒေါ်ယဉ်မင်းဖြူ ၁၃/ကလန(နိုင်) ၁၀၉၀၈၂တို့က အပြီးအပြတ်ဝယ်ယူရန်အလို့ငှာ အကယ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဘိုဘိုစံနှင့်ဒေါ်ယဉ်မင်းဖြူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့ နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ ဒေါ်ခင်မာဆွေ ၁၂/ဥကမ(နိုင်)၀၂၀၂၈၅ (ဘ) ဦးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၈၇၂)ကို နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၄၅/၂၀၂၀ (၁၃-၇-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးခွန်အောင်စိန်မင်း ၁၃/လလန(နိုင်)၀၀၁၅၁၃(ဘ)ဦးညာဏမှ ဒေါ်ကျော့ကျော့ခိုင်ရှိန် ၉/မထလ(နိုင်) ၁၇၆၇၄၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

